မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ခေတ်မီနိုင်ငံတော်တည်ဆောက်ဖို့ ဦးဆောင်နိုင်သူ ရွေးကြစို့။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၈)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးရှင်းလင်းနေမှုကိုတွေ့ရစဉ်။

# KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီးရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီစနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ၎င်းတို့စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်း ဇုန်အလိုက်အဆောက်အအုံများ ဖြိုချဖျက်ဆီးရှင်းလင်းလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❍

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရမည့်အချက်များ

၁။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အဆိုပါကျောင်းများတွင် ကျောင်းတက်ရောက်ရမည့် ကျောင်းသား၊ ကျောင်းသူများအနက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရှိ ကျောင်းများတွင် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ရွေးကောက်ပွဲ စတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သော မိမိ မဲစာရင်းပါရှိသည့်

စာမျက်နှာ ၁၄ ကော်လံ ၁ ◆


**(၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေး ကြေညာချက်** စာ - ၇ သို့

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှီးနှောဆွေးနွေးမှုများ ရိုက်ကူးရေးတွင် ရုပ်ရှင်အနုပညာရှင်များပါဝင်ဆောင်ရွက်** စာ - ၁၁ သို့

ဆောင်းပါး **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့** စာ - ၂၅ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်)

# ဒုစရိုက်မှုလုပ်ရပ်များချုပ်ငြိမ်းပပျောက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ်အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေရှင်းလင်းမှုများပြုလုပ်ခဲ့သည်။ ထို့ပြင် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် စုစုပေါင်းပြည်ပနိုင်ငံသား ၁၀၇၆၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။ ယင်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးနိုင်ခဲ့ပြီးဖြစ်သည်။ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ – မဲ့ထော်သလေး (KK Park) နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ယင်းတို့စုဖွဲ့နေထိုင်ခဲ့သည့် KK Park အတွင်းရှိ အဆောက်အအုံများအား ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများကိုဆောင်ရွက်နေပြီဖြစ်သည်။

မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများကျူးလွန်သည့်နေရာများတွင် တစ်ထပ်လူနေအဆောက်အအုံတစ်လုံး၊ နှစ်ထပ်လူနေအဆောက်အအုံ ၈၀၊ သုံးထပ်လူနေအဆောက်အအုံရှစ်လုံး၊ လေးထပ်လူနေအဆောက်အအုံ ၂၇ လုံး၊ ကိုးထပ်လူနေအဆောက်အအုံတစ်လုံး၊ ဈေးဆိုင်နှင့်လူနေနှစ်ထပ်အဆောက်အအုံလေးလုံး၊ ဈေးဆိုင်နှင့် လူနေလေးထပ်အဆောက်အအုံနှစ်လုံး၊ စားသောက်ဆိုင်နှင့်လူနေနှစ်ထပ်အဆောက်အအုံတစ်လုံး၊ ဂိုဒေါင် ၁၂ လုံး၊ ခြောက်ထပ်ဟိုတယ်တစ်လုံး၊ GYM အားကစားခန်းမတစ်ခု၊ နှစ်ထပ် KTV အဆောက်အအုံတစ်လုံး၊ နှစ်ထပ် SPA အဆောက်အအုံတစ်လုံး၊ လေးထပ်ဆေးရုံအဆောက်အအုံတစ်လုံး၊ နှစ်ထပ် Canteen အဆောက်အအုံနှစ်လုံး၊ နှစ်ထပ်ဈေးဆိုင်အဆောက်အအုံနှစ်လုံး၊ သုံးထပ်လူနေလိုင်းခန်းအဆောက်အအုံသုံးလုံး စုစုပေါင်း အဆောက်အအုံ ၁၄၈ လုံးတည်ရှိခဲ့သည်။

ထို့ပြင် ပန်းခြံများ၊ အားကစားရုံများ၊ ဖူဆယ်ကွင်းများ၊ ပိုက်ကျော်ခြင်းကွင်းများ၊ ဘတ်စကက်ဘောကွင်းများလည်းတည်ရှိပြီး ယခုအခါ ယင်းနယ်မြေအတွင်းရှိ အဆောက်အအုံများအားလုံးကိုဖြိုချဖျက်ဆီးလျက်ရှိရာ အဆောက်အအုံ ၁၀၁ လုံးကိုဖြိုချဖျက်ဆီးပြီး ကျန်ရှိသည့် ၄၇ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်သည်။ အဆိုပါနယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့်ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများတွင် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်ပါဝင်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံနယ်စပ်ဖြတ်ကျော်မှုခင်းကို ကိုင်တွယ်ဖြေရှင်းရာတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အခြားသောနိုင်ငံများနှင့် မူးယစ်ဆေးဝါးကုန်ကူးမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန်မှုခင်း၊ ငွေကြေးဆိုင်ရာမှုခင်း၊ ဆိုက်ဘာမှုခင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာမှုခင်း စသည့်မှုခင်းများကိုတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သော အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများကိုလည်းပူးပေါင်းတိုက်ဖျက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လူမျိုးစုအမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ဒုစရိုက်မှုမှန်သမျှကို ကျူးလွန်နေသူများဖြစ်သည်။ ပြည်သူလူထုအပေါ် ဒုက္ခရောက်စေမည့် အဖျက်အမှောင့်လုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိရာတွင် မူးယစ်ဆေးဝါးအပါအဝင် အခြားဒုစရိုက်လုပ်ငန်းမှန်သမျှမှရရှိငွေဖြင့် လက်နက်ခဲယမ်းဝယ်ယူကာ မြို့ရွာများကိုဖျက်ဆီးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ဒုစရိုက်မှန်သမျှလုံးဝပပျောက်ချုပ်ငြိမ်းစေရေး၊ နောက်ထပ်တစ်ဖန်ထပ်မံလုပ်ဆောင်ခြင်းမျိုးမရှိစေရေးအတွက် ကျူပင်ခုတ်ကျူငုတ်မကျန်စေရန် လုပ်ဆောင်နေခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်နေခြင်းဖြင့် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးများ ပိုမိုရရှိလာတော့မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများအပေါ် လက်နက်ကိုင်လွှမ်းမိုးကာ နိုင်ငံတော်ကိုဆန့်ကျင်နေသည့် အကြမ်းဖက်လက်နက်ကိုင်များသည် ချုပ်ငြိမ်းပပျောက်တော့မည်ဖြစ်သည်။ နိုင်ငံတော်၏ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထုတစ်ရပ်လုံးက ဝမ်းသာစွာကြိုဆိုလျက်ရှိပါကြောင်းရေးသားလိုက်ရပါသည်။ ။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၄၆ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

# စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများ၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားစေရန်နှင့် အရည်အသွေးမြင့်မားစေရန် ရည်ရွယ်၍ နိုဝင်ဘာလ ၁၀ ရက်တွင် စာကြည့်တိုက်ပညာသင်တန်းကို ဖွင့်လှစ်သင်ကြားပေးသည်။

သင်တန်းတွင်နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရုံးစာကြည့်တိုက်လုပ်ငန်းများ စနစ်တကျဖြစ်စေရေး ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်မြင့်မြင့်ခိုင်တို့က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အမျိုးအစားများ၊ ထူးခြားသည့်ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မျိုးတူစုပညာရပ်များနှင့် DLMS ရေးသွင်းခြင်းလုပ်ငန်းများ စသည်တို့ကို သင်တန်းသူ၊ သင်တန်းသားများအား စာတွေ့၊ လက်တွေ့ သင်ကြားပေးသည်။

ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ယခုသင်တန်းအပြင် ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားလာစေရန် အထောက်အကူဖြစ်စေမည့် အခြားသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၁၃)

## MWD Education, Knowledge & Sports Channel

၁၂-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၀၅ | Grade - 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ - ၁၆:၄၅ | Grade - 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ - ၁၇:၂၀ | Grade - 7 | သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၂-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်တက္ကသိုလ်တည်ထောင်ခြင်း(၂၆)နှစ်ပြည့်အထိမ်းအမှတ် သုတေသနညီလာခံအခမ်းအနားကျင်းပ

ပြည် နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ် တည်ထောင်ခြင်း (၂၆)နှစ်ပြည့် အထိမ်းအမှတ် သုတေသနညီလာခံအခမ်းအနားကို သုတေသနစာတမ်းဖတ်ပွဲများ၊ ပိုစတာပြိုင်ပွဲများ၊ အရောင်းပြခန်းများ၊ ဖျော်ဖြေပွဲများနှင့် ဂုဏ်ပြုကြိုဆိုပွဲများဖြင့် နိုဝင်ဘာလ ၁၀ ရက်က အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်တက္ကသိုလ်အနုပညာဌာနနှင့် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများက မြကျွန်းညိုညိုတေးသီချင်းနှင့် ပျူယဉ်ကျေးမှုအကအလှအပါအဝင် အဖွဲ့လိုက်အဆိုအကများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။ ယင်းနောက် ပြည်တက္ကသိုလ်ပါမောက္ခချုပ်က ပြည်တက္ကသိုလ်တည်ထောင်ခြင်း(၂၆) နှစ်ပြည့်အထိမ်းအမှတ် မုဒိတာစကားပြောကြားသည်။ ဆက်လက်၍ပြည်တက္ကသိုလ်သုတေသနညီလာခံ (၂၀၂၅)ကို ယင်းတက္ကသိုလ် ဝိဇ္ဇာ/သိပ္ပံဆောင်များ၌ ကျင်းပရာ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆရာ၊ ဆရာမများ၏ သုတေသနစာတမ်းများ ဖတ်ကြားမှုကို ပြင်ပပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး အဆိုပါစာတမ်းဖတ်ပွဲတွင် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၃၃ စောင်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၄၇ စောင် စုစုပေါင်း သုတေသနစာတမ်းအစောင် ၈၀ ကို ဖတ်ကြားတင်သွင်းနိုင်ခဲ့သည်။



ထို့ပြင် အထိမ်းအမှတ်ဒုတိယနေ့ နိုဝင်ဘာလ ၁၁ ရက်တွင် ပြင်ပပညာရှင်များနှင့် ဧည့်သည်များကို ပြည်မြို့အနီးတစ်ဝိုက်ရှိ သရေခေတ္တရာပျူမြို့ဟောင်းအပါအဝင် သမိုင်းဝင်အထင်ကရနေရာများသို့ ဒေသဆိုင်ရာလေ့လာရေးခရီးစဉ်ပို့ဆောင်ပေးကြသည်။ ဆက်လက်၍ ဘက်စုံသုံးခန်းမ၌ ဖိတ်ကြားထားသောပညာရှင်များအား ဂုဏ်ပြုခြင်းနှင့်ဖတ်ကြားတင်သွင်းခဲ့သောစာတမ်းများအနက် အကောင်းဆုံးဝိဇ္ဇာ/သိပ္ပံစာတမ်းဆုရှင်များနှင့်အကောင်းဆုံးဝိဇ္ဇာ/သိပ္ပံပိုစတာဆုရှင်များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရေး လူငယ်စကားဝိုင်းဆွေးနွေး



ဒေးဒရဲ နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၁ ရက်တွင် ပျဉ်ထောင်စုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအောင်ကျော်ထူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာနှင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်မျိုးဝင်းက လူငယ်နှင့်မူးယစ်ဆေး၊ မဇင်မှူးယာက လူငယ်နှင့်အားကစား၊ မသင်းမြတ်ဝေက လူငယ်နှင့်ကျန်းမာရေး၊ မခင်ဆွေနှင်းက လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အေဇာလင်း**

# မြိတ်မြို့နယ်၌ ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်

မြိတ် နိုဝင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၀ ရက်က မြိတ်မြို့နယ် ဆိပ်ငယ်ရပ်ကွက် ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက ဌာန၏ လုပ်ငန်းတာဝန်များနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦး၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံနှင့် တာဝန်ရှိသူများက စီမံကိန်းကျေးရွာများဖြစ်သည့် မြိတ်မြို့နယ် ပင်းအိုကျေးရွာ၊ ကန်သာယာကျေးရွာနှင့် ကျွန်းစုမြို့နယ် ကပကျေးရွာတို့မှ အသေးစားလုပ်ငန်းများ စတင်ဆောင်ရွက်မည့်သင်တန်းသူ ၁၅ ဦးအတွက် လုပ်ငန်းသုံးပစ္စည်းများပေးအပ်သည်။

ထို့နောက် ထူးချွန်သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးနှင့်တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအခမ်းအနားတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအစီအစဉ်ဖြင့် မြိတ်မြို့နယ် ပင်းအိုကျေးရွာ၊ ကန်သာယာကျေးရွာနှင့်ကျွန်းစုမြို့နယ် ကပကျေးရွာတို့မှ ကျေးရွာတစ်ရွာလျှင် ထူးချွန်သင်တန်းသူ ငါးဦးနှုန်းဖြင့် စုစုပေါင်းသင်တန်းသူ ၁၅ ဦးအတွက် ဝင်ငွေတိုးရေးဆောင်ရွက်မည့် လုပ်ငန်းသုံးပစ္စည်းများကို တစ်ဦးလျှင် ငွေကျပ် ၁၆ သိန်းနှင့်ညီမျှသည့် စုစုပေါင်း ငွေကျပ် သိန်း ၂၄၀ တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုးနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ဒီစိတ်ကူးမျိုးတွေဟာ တရားသလား ဘရားသား"

နုပ်။ "ကမ္ဘာလောကကြီးမှာ လူတွေဟာ တရားတာကိုမှ လုပ်ပါမယ်လို့ ဘယ်သူကတာဝန်ခံထားသလဲ။ မာနကိုထိလျှင် ဘာမဆိုလုပ်တတ်တယ်ဆိုတာ ခင်ဗျားတို့မစဉ်းစားဘူးလား။ ကမ္ဘာကြီးကို ကွန်မြူနစ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ ခင်ဗျားတို့ရဲ့မျှော်မှန်းချက်ဟာ ခုလုပ်နည်းအတိုင်းဆိုလျှင် စိတ်ကူးယဉ်သက်သက်ဖြစ်နေပြီ။ ခင်ဗျားတို့ရဲ့ရှေ့က မုန်းတီးမှုနဲ့ နျူကလီးယားလက်နက်ကြီး ကာဆီးနေပြီ"

ညီ။ "သူတို့ လုပ်ချင်တိုင်းလုပ်ရမလား ခင်ဗျာ"

နုပ်။ "ကိုယ်ပါ ပျက်စီးချင် ပျက်စီးပါစေတော့ဆိုတဲ့အထိ ဒေါသ မာန်မာနကြီးနေတဲ့လူတစ်စုကို ဖွတ်တားဆီးလို့ ဖြစ်နိုင်သလားဗျာ"

ညီ။ "ကျွန်တော်တို့ ကမ္ဘာ့ငြိမ်းချမ်းရေးအလုပ်ဟာက ဒီရည်ရွယ်ချက်ပဲကိုးခင်ဗျာ"

နုပ်။ "လာပြန်ပြီဗျာ။ ကျွန်တော်ပြောခဲ့ပြီမဟုတ်ဘူးလား။ ငြိမ်းချမ်းရေးလုပ်ချင်လျှင် တစ်ဖက်သားကို ဒေါသဖြစ်အောင်မလုပ်ကြပါနဲ့လို့။ အဏုမြူခေတ်ကြီးမှာ ခုဒေါသဖြစ်လို့ ခုလုပ်ချင်တာ ထလုပ်လိုက်လျှင် ဘယ်သူက လက်ကို လိုက်ဆွဲနိုင်မှာလဲဗျ။ ဟိုတုန်းကဆိုလျှင် စစ်တိုက်ဖို့ဆိုတာ တိုင်းသူပြည်သားတွေ စိတ်ပါလာအောင် ဟစ်တလာတို့ အတော်ပြောဟော သိမ်းသွင်းယူကြရတယ်။ ခုဆိုလျှင် ထိပ်ဆုံးက လူ ၁၀ ယောက်လောက်ကဆုံးဖြတ်ပြီး လူတစ်ရာ၊ နှစ်ရာလောက်က စတိုက်လိုက်လျှင် ကမ္ဘာစစ်ဖြစ်သွားနိုင်တယ်ဆိုမဟုတ်လား။ ဒီလောက်သိမ်မွေ့နေတဲ့ကိစ္စတစ်ခုမှာ လက်ကိုဖွတ်ချုပ်ကိုင်ဖို့ ခဲယဉ်းတယ်ဆိုတာ ခင်ဗျားတို့လည်းသိကြပါတယ်။ ဒီလောက်အထိမခံဖြစ်နေတဲ့ အခြေအနေမှာ ခင်ဗျားတို့ဆရာကြီးကလည်း တစ်ချက်တစ်ချက်မှာ လမ်းချော်တယ်ဗျာ"

ညီ။ "ဘယ်လိုချော်လို့လဲခင်ဗျ။ လကိုသွားဖို့ကိစ္စမျိုးတွေမှာ အားလုံးတိုင်းပြည်တွေ လက်တွဲပြီးဆောင်ရွက်ကြဖို့ အကြံပေးသည်အထိ ဆန္ဒကောင်းပြထားပါပြီ ဘရားသား"

နုပ်။ "လိုက်လျောတဲ့အချက်တွေကိုလည်း ကျွန်တော်တွေ့ခဲ့ရပါတယ်။ ဆိုဗီယက်ယူနီယံကို တခြားတိုင်းပြည်တွေကလာကြတဲ့ ဧည့်သည်တော်တွေထဲမှာ အမေရိကန်ဧည့်သည်တော်တွေကို အရေးအပေးဆုံး၊ ဂရုအစိုက်ဆုံး၊ ကျေနပ်အောင်အပြုစုဆုံးလို့သိရပါတယ်။ အမေရိကန်ပြည်သွားကြတဲ့ ရုရှားဧည့်သည်တော်တွေကို ဒီလိုအထူးတလည်မှ ပြုစုပါလေရဲ့လားမပြောတတ်ဘူး။ ကျွန်တော့်သဘောကတော့ သူတို့ဘက်က ထူးချင်ထူးမထူးချင်နေ၊ ခင်ဗျားတို့ဘက်က သူတို့အပေါ်မှာ ထူးပြီး ဂရုတစိုက်ပြုစုတယ်ဆိုတာကို ကျွန်တော်ချီးမွမ်းတယ်ဗျာ။ ဒါကြောင့်လည်း ဒီကပြန်သွားတဲ့ ဧည့်သည်တိုင်းလိုလိုက ကျေနပ်ခဲ့တဲ့အကြောင်း ပြောကြပေတာပဲ။ ဒီဟာမျိုးလေးတွေရယ်၊ ခုတင်က ခင်ဗျားပြောတဲ့ အာကာသစုံစမ်းရေးကိစ္စမှာ လက်တွဲပြီးဆောင်ရွက်ကြဖို့ အကြံပေးတာမျိုးရယ်ကတော့ အလွန်ကောင်းပါပေတယ်။ သို့သော် တစ်ချက်တစ်ချက်မှာ ခင်ဗျားတို့ဆရာကြီးက အသည်းနှလုံးကို ခွပ်လိုက်တာက ဆိုးတယ်ဗျ"

ညီ။ "ဘာလဲ ဘရားသား"

နုပ်။ "ယူတူးလေယာဉ်ကို ပစ်ချပြီး ဒူးထောက်တောင်းပန်ခိုင်းတဲ့ အလုပ်မျိုးကတော့ လွန်လွန်းတယ်ထင်တယ်ဗျာ"

ညီ။ "ကိုယ့်ဆီလာပြီး ကျူးကျော်စော်ကားတာကို ပစ်မချရဘူးလား ခင်ဗျာ"

နုပ်။ "ကျူးကျော်တာတော့ ပစ်ချပေ့ါဗျာ။ ဆယ်ခါကျူးကျော်လည်း ဆယ်ခါပစ်ချပေ့ါ။ သို့သော် ကမ္ဘာ့ဗိုလ်ထုအလယ်မှာ ဒူးထောက်တောင်းပန်ခိုင်းတာကတော့ မဖြစ်နိုင်တဲ့အလုပ်တစ်ခုကို လုပ်ခိုင်းရာရောက်လို့မို့ တင်းမာမှုတွေ အဆမတန်တိုးလာကုန်တော့တာပဲဗျာ"

ညီ။ "ရန်စတာ Provocation ကို လက်ပိုက်ကြည့်နေရမလား ခင်ဗျာ"

နုပ်။ "ခင်ဗျားတို့က အလွန်အကျွံ အဓိပ္ပာယ်ကောက်ယူကုန်ကြတာကိုးဗျ။ ကျူးကျော်တာတော့ ဟုတ်ပါတယ်။ ရန်စတာတော့ မဟုတ်ပါဘူး။ ရန်ဖြစ်ချင်လို့ ရန်စလျှင် ဒီလိုဘာလုပ်နေစရာရှိသလဲ။ နျူကလီးယားဗုံးပစ်ထည့်လိုက်ရုံပေ့ါ။ ကျွန်တော်ပြောခဲ့တဲ့အတိုင်း သူတို့ဘက်က ခင်ဗျားတို့ကို အင်မတန်လန့်ပြီး အင်မတန်မယုံဘဲ ဖြစ်နေတယ်။ ဒီတော့ ခင်ဗျားတို့မှာ ဘာတွေများရှိသလဲလို့သိရအောင် ယူတူးလွှတ်ပြီး စုံစမ်းထောက်လှမ်းခြင်းဖြစ်မှာပါ။ ဒါကို ရန်စတယ်လို့ ခင်ဗျားတို့ဘက်က အဓိပ္ပာယ်ကောက်တာကတော့ တမင်သက်သက်ချဲ့ရာရောက်ပါတယ်။ ခင်ဗျားတို့ကိုယ်တိုင်ကလည်း မခံချင်အောင် တမင်သက်သက်ရန်စတယ်လို့ ယူဆတယ်လို့မထင်ပါဘူး။ တစ်ဖက်သားပိုပြီးဆိုးရာရောက်အောင် စွပ်စွဲခြင်းဖြစ်ဟန်တူပါတယ်။ ဒါမှ ဒူးထောက်ခိုင်းကောင်းအောင်ပေ့ါလေ"

ညီ။ "ဒါဖြင့် ဘယ်လိုလုပ်သင့်တယ်ထင်သလဲခင်ဗျာ"

နုပ်။ "ကျူးကျော်တဲ့ယူတူးကို ခင်ဗျားတို့ ပစ်ချပြီးပြီမဟုတ်လား။ သူတို့ဘက်ကတော့ သူတို့ လေယာဉ်ကို ခင်ဗျားတို့ပစ်မချနိုင်ပေဘူး ထင်ပြီး တောင်ရှာမြောက်ရှာနဲ့ ထောက်လှမ်းစုံစမ်းနေတယ်လေ။ ခင်ဗျားတို့ဘက်က မသိယောင်ဆောင်ပြီး ဘာမှမဆူဘဲ ထိပ်သီးကွန်ဖရင့်ကို တိတ်တိတ်ဆိတ်ဆိတ်လုပ်၊ သူတို့ဘာသာသူတို့ ဒေါင်းတောက်အောင်ရှာပေစေ။ ယူတူးကိစ္စကို ခင်ဗျားတို့က (Trump Card) ဂျိုကာအနေနဲ့ အရေးရှိမှသုံးသင့်သုံးရအောင် လျှို့ဝှက်ထား။ သုံးဖို့လိုတဲ့ အဆစ်အပိုင်းရောက်တော့မှ ခင်ဗျားတို့ ဆိုးညစ်တာတွေကို ကျွန်တော်တို့ သိပါတယ်။ ခင်ဗျားတို့အရှက်မကွဲရလေအောင် ကျွန်တော်တို့က လျှို့ဝှက်ထားပြီး ကျိတ်ခံခဲ့ပါတယ်လို့ ထုတ်ပြောလိုက်ရလျှင် ဟိုလူတွေ အင်မတန်လန့်သွားပြီး အများကြီးလိုက်လျောလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။ ခုတော့ ခင်ဗျားတို့က အရှက်ခွဲရတာကို အသားယူပြီး ဆူလိုက်ပူလိုက်တောင်းပန်ခိုင်းလိုက်တော့ အပြန်အလှန်ဆူကြပြီး ထိပ်သီးကွန်ဖရင့်မလုပ်လိုက်ရဘူးဟုတ်လား။ ခင်ဗျားတို့လူစု ချည်ပုံတုပ်ပုံ မနိပ်သေးပါဘူးဗျာ"

ညီ။ "ဒီလိုဆိုလျှင် ထိပ်သီးကွန်ဖရင့် အောင်မြင်မယ်လား"

နုပ်။ "အောင်မြင်သည်အထိတော့ ကျွန်တော်အထင်မကြီးပါဘူး။ သို့သော် ဘယ်နည်းမဆိုတင်းမာမှုကတော့ ယခုလောက် ဒီဂရီမမြင့်ပေဘူး ထင်တယ်ဗျာ"

ညီ။ "ကျွန်တော်တို့က ဆိတ်ဆိတ်နေလို့ သူတို့က ယူတူးတွေတစ်စင်းပြီးတစ်စင်း ဆက်ပြီးလွှတ်နေလျှင်ကော ခင်ဗျ"

နုပ်။ "ဆက်လွှတ်တော့လည်း ဆက်ပစ်ချပေ့ါဗျာ။ သို့သော် ကျွန်တော်ပြောချင်တာက လုံးဝ ဆိတ်ဆိတ်နေဖို့မဟုတ်ပါဘူး။ ထိပ်သီးကွန်ဖရင့်ထဲမှာပဲ အချိန်တန်တော့ပြောပြဖို့ပါပဲ။ ခုတော့ ခင်ဗျားတို့က ဆူပူရုံမက တောင်းပန်ခိုင်းပြီး အရှက်ခွဲလိုက်သေးတာကိုးဗျ။ ကျွန်တော်တော့ ဒီကတည်းက တင်းမာမှုလျော့ဖို့ဆိုတာ မျှော်လင့်ချက်မရှိတော့ပါဘူးလို့ စိတ်ပျက်မိတော့တာပါပဲ"

ညီ။ "သူတို့မှားလျှင် တောင်းပန်မခိုင်းရဘူးလားခင်ဗျာ"

နုပ်။ "Sorry ဝမ်းနည်းပါတယ်ဗျာ ဆိုတာမျိုးလောက်တော့ ဟုတ်မှာပေ့ါ။ ခင်ဗျားတို့တောင်းပန်ခိုင်းပုံက ဒူးထောက်ရမလောက် အကျပ်ကိုင်ထားတာဗျ။ ကမ္ဘာ့အလယ်မှာ ဒီလိုတောင်းပန်နည်းမျိုးတော့ အမေရိကန်လည်း မတောင်းပန်ဘူး၊ ခင်ဗျားတို့လည်း မတောင်းပန်ဘူး။ ကမ္ဘာမှာ ထိပ်သီးရောက်နေတဲ့ ဘယ်လိုတိုင်းပြည်အစိုးရမျိုးကမှ မတောင်းပန်ပေဘူးဗျာ။ ဒါလောက်တော့ ခင်ဗျားတို့လည်း နားလည်လောက်ပါတယ်။ မာန (Pride) ဗျ။ မာနဆိုတာ ဘယ်အထိ ဖွတ်ပေခံတတ်တယ်ဆိုတာ ခင်ဗျားတို့လည်း စဉ်းစားမိဖို့ကောင်းပါတယ်။ ဒီတစ်ချက် ခင်ဗျားတို့ဘက်ကချော်သွားတာ ကျွန်တော်တော့ ကမ္ဘာကြီးအတွက် ဝမ်းနည်းလို့မဆုံးဘူးဗျာ"

**ဆက်လက်ဖော်ပြပါမည်။**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလ တစ်လတာကာလအတွင်း ငါးရှဉ့်ပိသာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလတစ်လတာကာလအတွင်း ငါးရှဉ့်ပိသာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်တင်ဝင်း၏ပြောဆိုချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အတွင်း ငါးရှဉ့်ပိသာ ၇၆၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာလတစ်လတာကာလအတွင်း ငါးရှဉ့်တွေတင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ပါတယ်။ ရန်ကုန်ကတစ်ဆင့် တခြားပြည်တွင်းနဲ့ ပြည်ပဈေးကွက်တွေကို ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်လိုအားကောင်းတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ၊ လုပ်သားတွေနဲ့ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရတယ်" ဟု ဒေါ်တင်တင်ဝင်းကပြောသည်။

အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် တခြားဒေသများကို တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

**သုတကျော်**

## ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ ၃၄၈၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်ထိ မြေပဲဧက ၂၅၁၀၊ နှမ်း ၇၈၅၆ ဧက၊ ပန်းနှမ်း ၃၅၁ ဧက စုစုပေါင်း ၁၀၇၁၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျအချိန်ကိုက်သုံးစွဲရေးနှင့် ပိုးမွှားကျရောက်မှုကင်းစင်ရေး ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၁၃၈၉၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၃၆ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန်ညင်း ၃၅၇ ဧက စုစုပေါင်း ၃၄၈၆၄ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

❍ ရှေ့ဖုံးမှအဆက်

"KK Park ဇုန်(A)အတွင်းမှာ အဆောက်အအုံ စုစုပေါင်း ၁၄၈ လုံးရှိပါတယ်။ ဒီနေရာမှာ အွန်လိုင်းလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေနဲ့ ဒုစရိုက်မှုတွေ ထပ်မံပြီးမလုပ်ဆောင်နိုင်အောင်အဆောက်အအုံအားလုံးကို ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်။ အဆောက်အအုံ ၁၁၀ ကိုတော့ ဖြိုချဖျက်ဆီးပြီးပါပြီ။ ကျန်ရှိတဲ့အဆောက်အအုံ ၅၂၅ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့်ဒုစရိုက်မှုများပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိကြောင်း သိရသည်။

အဆိုပါ ဇုန် (B) တွင် တစ်ထပ် လူနေအဆောက်အအုံ ၇ လုံး၊ နှစ်ထပ် လူနေအဆောက်အအုံ ၂၉ လုံး၊ သုံးထပ် လူနေအဆောက်အအုံ ၅ လုံး၊ ဆောက်လုပ်ဆဲ လေးထပ် အဆောက်အအုံ ၇ လုံး၊ ဆောက်လုပ်ဆဲ ငါးထပ်အဆောက်အအုံ ၅ လုံးနှင့် ဂိုဒေါင် တစ်ထပ်အလုံး ၂၀ စုစုပေါင်း ၇၃ လုံး တည်ရှိခဲ့သည်။

အလားတူ ဇုန် (C) တွင် တစ်ထပ် လူနေအိမ် ၃၃ လုံး၊ နှစ်ထပ် လူနေအိမ် ၂၁၆ လုံး၊ သုံးထပ် လူနေအိမ် ၄၂ လုံး၊ လေးထပ် လူနေအိမ် ၃၉ လုံး၊ ငါးထပ် လူနေအိမ် ၁၂ လုံး၊ ခြောက်ထပ် လူနေအိမ် ၄ လုံး၊ ဘတ်စကက်ဘောကွင်း ၁ ခု၊ ဆေးရုံ ၂ လုံး၊ နှစ်ထပ် SPA အဆောက်အအုံ ၁ လုံး၊ တစ်ထပ် SPA အဆောက်အအုံ ၁ လုံး၊ နှစ်ထပ် ဈေးဆိုင်တန်း ၅ လုံး၊ နှစ်ထပ် စူပါမားကတ် ၁ လုံး၊ တစ်ထပ် စူပါမားကတ် ၁ လုံး၊ ငါးထပ် ဟိုတယ် ၁ လုံး၊ လေးထပ် ဟိုတယ် ၁ လုံး၊ တစ်ထပ် ဂိုဒေါင် ၃၅ လုံး၊ ဆေးခန်း ၂ လုံး၊ နှစ်ထပ် မုန့်ဆောင် ၁ လုံး၊ နှစ်ထပ် Club ၁ ခု၊ နှစ်ထပ် KTV ၁ လုံး၊ တစ်ထပ် စားဖိုဆောင် ၂ လုံး၊ ရေစုကန် ၁ လုံး၊ တစ်ထပ်ဂိုဒေါင်ကြီး ၆ လုံး၊ တစ်ထပ် လူနေအိမ်တန်းလျား ၅ လုံး စုစုပေါင်း ၄၁၄ လုံး တည်ရှိခဲ့သည်။

KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကိုတစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့်ဖြစ်စဉ်များက အများစုဖြစ်ပြီး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အသုံးပြုနိုင်သောအဆောက်အအုံများအတွက် လိုအပ်သည့် ပစ္စည်းများ၊ မီးစက်များ၊ အင်တာနက် Starlink စက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ထိုင်းကုန်သည်များက တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ- မဲ့ထော်သလေး KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့်ဝင်ရောက်ခဲ့သည့် အိန္ဒိယနိုင်ငံသား ၄၀ ဦး၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းတို့အနက်မှ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဂျိုင်း၊ ဓာတ်ပုံ- မင်းမင်း**






မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုပြုလုပ်သူများ၏ နေအိမ်လိုင်းခန်းများနှင့် စူပါမားကတ်အဆောက်အအုံတို့ကို ဖြိုချဖျက်ဆီးမှုများမပြုလုပ်မီတွေ့ရစဉ်။





မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးရှင်းလင်းနေမှုကိုတွေ့ရစဉ်။

❖ **KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကိုတစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့်ဖြစ်စဉ်များက အများစုဖြစ်ပြီး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အသုံးပြုနိုင်သောအဆောက်အအုံများအတွက် လိုအပ်သည့်ပစ္စည်းများ၊ မီးစက်များ၊ အင်တာနက် Starlink စက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ထိုင်းကုန်သည်များက တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများပြုလုပ်ခဲ့ခြင်းဖြစ် . . .**

❖ **၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းတို့အနက်မှ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ် . . .**

❖ **ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်စဉ်ဆက်မပြတ်ပူးပေါင်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ . . .**

# (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ (အကြို)ဟောပြောပွဲ စာစီစာကုံးပြိုင်ပွဲ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့(အကြို) ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာလ ၁၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့(အကြို) ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက သဃ်န်းကျွန်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်ကြမည့် ကျောင်းသား၊ ကျောင်းသူများအား ပြိုင်ပွဲစည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများအား ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် စာရေးဆရာမ မေမြတ်စန္ဒာက အမျိုးသားအောင်ပွဲနေ့ ဗဟုသုတရဖွယ်များအကြောင်း ပြောကြားပြီး သဃ်န်းကျွန်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စာစီစာကုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုနေမှုကို ကြည့်ရှုသည်။ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ (အကြို)ပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်(အကြို) ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်း၊ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြင့်၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇော်မိုး (သဃ်န်းကျွန်း)**

# ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲနှင့် ဆီထွက်သီးနှံမျိုးစေ့ပေးအပ်

ကန်ကြီးထောင့် နိုဝင်ဘာ ၁၁



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ခုံဇင်ကုန်ကျေးရွာအုပ်စု အညာတန်းကျေးရွာ၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲနှင့် ဆီထွက်သီးနှံမျိုးစေ့ပေးအပ်ပွဲကို နိုဝင်ဘာလ ၁၁ ရက်တွင် ကျင်းပသည်။

အဆိုပါမိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရည်မွန်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ခုံဇင်ကုန်ကျေးရွာအုပ်စု အညာတန်းကျေးရွာရှိ ကွင်းအမှတ် (၁၇၀-က) ဦးပိုင်အမှတ် ၃၀ တောင်သူဦးမြင့်သန်း၏ လယ်ယာမြေ သုံးဧကတွင် စိုက်ပျိုးထားရှိသော မိုးစပါး နယူးဧရာ-၁၁ စံပြကွက်ရိတ်သိမ်းမှုအခြေအနေများကို ကြည့်ရှုအားပေးရာ တစ်ဧကလျှင် စပါးအစို ၁၄၁ ဒသမ ၈၅ တင်း(အခြောက် ၁၃၇ ဒသမ ၆၉ တင်း)ခန့် ထွက်ရှိသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသော ဒေသခံတောင်သူများထံ ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ်မျိုးစေ့များပေးအပ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

# ကသာမြို့၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အခြေခံစံနှုန်းနှင့် သတ်မှတ်စည်းကမ်းချက်များရှိ/မရှိ ကွင်းဆင်းစစ်ဆေး


ကသာ နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အခြေခံစံနှုန်းနှင့် သတ်မှတ်စည်းကမ်းချက်များ ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာလ ၁၀ ရက်က ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကသာခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာအခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများက ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။

ကသာခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် သတ်မှတ်ထားသော အခြေခံစံနှုန်း(၄)ချက်ပါဝင်သည့် ကျောင်းအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် လုပ်ငန်းစဉ်များ၊ ကျောင်းသား၊ ကျောင်းသူများပါဝင်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများ၊ ရေနှင့်စွမ်းအင်ချွေတာသောအလေ့အကျင့်ကောင်းများ၊ စည်းကမ်းချက်များ၊ ကျောင်းမြေနေရာရရှိမှုပေါ်မူတည်ပြီး အမျိုးအစားစုံလင်သောအပင်များဖြင့် စိမ်းလန်းစိုပြည်သော ကျောင်းပတ်ဝန်းကျင်နှင့် နှစ်ရှည်၊ နှစ်တို သီးပင်စားပင်၊ ပရဆေးပင်၊ ပန်းပင်၊ ရာသီပေါ်သီးနှံပင်များစိုက်ပျိုးထားရှိမှု၊ စွန့်ပစ်အမှိုက်များအား အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်မှုအခြေအနေများ၊ ငါးအမိုင်နိုအက်စ်ပြုလုပ်မှုအခြေအနေ၊ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများကို ဒေသတွင်းရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကိုလည်း ကော်မတီဝင်များက အကြံပြုဆွေးနွေးကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**




# ပေါက်ခေါင်းမြို့နယ်၌ တောင်သူများစိုက်ပျိုးသည့် စားဖိုဆောင်သီးနှံ ပြောင်းဖူးနှင့်မုန်လာဥများ အောင်မြင်ဖြစ်ထွန်း

ပေါက်ခေါင်း နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် တောင်သူများသည် မိသားစုစားဝတ်နေရေးအတွက် မိမိတို့၏ နေအိမ်ခြံဝင်းမြေကွက်လပ်၌ စားဖိုဆောင်သီးနှံများဖြစ်သော ပြောင်းဖူးနှင့် မုန်လာဥကို အဓိကစိုက်ပျိုးကြပြီး လက်ရှိတွင် အဆိုပါသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်၌ စားဖိုဆောင်သီးနှံများဖြစ်သည့် ပြောင်းဖူးနှင့်မုန်လာဥကို အဓိကထားစိုက်ပျိုးသည့်အပြင် ကန်စွန်း၊ ခဝဲ၊ ပဲသီး၊ ချဉ်ပေါင်၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ သခွား၊ ဇရုတ်နှင့်တခြားဟင်းသီးဟင်းရွက်များကို ရာသီအလိုက် စိုက်ပျိုးကြသည်။

အဆိုပါသီးနှံများ ပိုးမွှားအန္တရာယ်ကင်းဝေးစေရေးအတွက် သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးပက်ဖျန်းခြင်းများ ဆောင်ရွက်ပေးရကြောင်း သိရသည်။ သီးနှံများ အောင်မြင်ဖြစ်ထွန်းချိန်တွင် ဒေသတွင်းဈေးကွက်၌ ရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း၊ စားဖိုဆောင်ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးခြင်းကြောင့် စိုက်ပျိုးသည့်တောင်သူများ လုပ်ငန်းအဆင်ပြေကာ မိသားစုစားဝတ်နေရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**ကြေညာချက်**

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာနကြေညာချက်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

**ကြေညာချက်**

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: https://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## (၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာချက်

၁။ (၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို (၁၁-၁၁-၂၀၂၅) ရက်နေ့မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm), ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), အဆင့်မြင့်ပညာဦးစီးဌာန၏ Website နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို (၂၄-၁၁-၂၀၂၅)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၇-၁၁-၂၀၂၅)ရက်နေ့မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**(၁၁-၁၁-၂၀၂၅)**

# လူငယ်နှင့်ကိုယ်ရည်ကိုယ်သွေး စကားဝိုင်းကျင်းပ




နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ပူးပေါင်းကျင်းပသည့် "လူငယ်နှင့်ကိုယ်ရည်ကိုယ်သွေးစကားဝိုင်း" ကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်ခြင်းအလေ့အထ ပျိုးထောင်ရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရန်၊ သုတ၊ ရသစာပေများကိုဖတ်ရှုလေ့လာရန် တိုက်တွန်းလိုကြောင်း အဖွင့်အမှာစကားပြောကြား၍ အလှူငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနား၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဝင်ခွင့်ရကျောင်းသား၊ ကျောင်းသူ ၁၄ ဦးအတွက် ချီးမြှင့်ငွေများကိုပေးအပ်၍ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# လှိုင်ကော်မြို့၌ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများဆောင်ရွက်



**လှိုင်ကော် နိုဝင်ဘာ ၁၁**

ကယားပြည်နယ်တွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အားကစားအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) စုပေါင်းခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ Reva Co.,Ltd. မန်နေးဂျင်းဒါရိုက်တာ ဦးကျော်ဇင်ထက်က အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ကယားပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းတို့က လက်ခံရယူပြီး အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) ကျောင်းအုပ်ကြီး ဦးသီဟအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)နှင့် ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ရှိ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းပီသစွာ မိမိဝန်ကြီးဌာနအပေါ် သစ္စာရှိစွာ လုပ်ကိုင်ဆောင်ရွက်ကြရန်မှာကြားပြီး ဌာနအသီးသီးရှိ ဝန်ထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) ကျောင်းဝင်းအတွင်းရှိ သင်တန်းသား၊ သင်တန်းသူအိပ်ဆောင်များ၊ အားကစားကွင်း၊ ရုံများ၊ တည်ဆောက်ရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက်အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) စားရိပ်သာ၌ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ အထူးနေ့လယ်စာသုံးဆောင်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) စုပေါင်းခန်းမ၌ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၌ အကောက်ခွန်လုပ်ငန်းဆောင်ရွက်နေမှု ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၌ အကောက်ခွန်လုပ်ငန်း ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့စက်မှုဆိပ်ကမ်း (Myanmar Industrial Port Terminal–MIP) သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ မူးယစ်ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ အကောက်ခွန်ဦးစီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာအကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများမှ ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မြန်မာ့စက်မှုဆိပ်ကမ်း (MIP)၊ Yangon International Gateway Terminal (YIGT)၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Ahlon International Port Terminal)နှင့် အကောက်ခွန်ကုန်လှောင်ရုံ (Bonded Warehouse)၊ ဆူးလေအမှတ်(၅) ဆိပ်ကမ်း (Sule Wharf – 5) တို့၌ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ X-Ray စက်ဖြင့် အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်း ဆောင်ရွက်နေမှုများနှင့် ပူးပေါင်းအဖွဲ့ဖြင့် ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (Yangon International Airport)၊ လေဆိပ်ကုန်လှောင်ရုံ (Air Cargo Terminal)၊ လေဆိပ်သွင်းကုန်၊ Yangon Aerodrome Co.,Ltd. (YACL)နှင့် လေဆိပ် (OSS) Sky Cargo Terminal တို့၌ အကောက်ခွန်ကုန်ပစ္စည်း စစ်ဆေးခြင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ဘက်စုံအသုံးဝင်သော ခံတက်ပင်၏ကျန်းမာရေးအကျိုးကျေးဇူးများ

### ခံတက်ပင်

ခံတက်ပင်ကို အင်္ဂလိပ်လို Garlic Pear သို့မဟုတ် Three Leaf Caper ဟုခေါ်ပြီး Capparidaceae ဟင်းဂလာမျိုးရင်းဝင်ဖြစ်ကာ ရုက္ခဗေဒအားဖြင့် Crateva Religiosa ဖြစ်သည်။ ခံတက်ပင်သည် ရွက်ကြွေပင်လတ်မျိုးဖြစ်ပြီး အပင်၏အမြင့်မှာ ပေ ၃၀ ကျော်အထိမြင့်ကာ အပွင့်ကြီးမား၍ ဆင်စွယ်ရောင်အပွင့်များစွာပွင့်သည်။ ခံတက်ပင် အကိုင်းအညွန့်များပေါ်၌ အဖြူစင်းများရှိပြီး ပင်စည်အခေါက်မှာ မီးခိုးရောင်ဖြစ်ကာ အတွင်းသားမှာ အဝါရောင်မာဆတ်ပြီး ရင့်လျှင်အညိုရောင်သို့ ပြောင်းသွားတတ်သည်။ ခံတက်ရွက်သည် သုံးရွက်မြွှာပေါင်းဖြစ်၍ ရွက်လွှဲထွက်ပြီး ရွက်ညှာရှည်သည်။ ရွက်ပြား၏ကျောဘက်တွင် ရွက်ကြောများ ထင်ရှားစွာရှိသည်။ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းသွယ်ကာ ရွက်နားညီ၍ရွက်ပြားချောသည်။ အသီးမှာ ဘဲဥပုံ သို့မဟုတ် လုံးဝိုင်းသည့်အဝါရောင်ရှိပြီး အသားထူအခွံမာ၍ ကြမ်းတမ်းကာ ကျောက်ကပ်ပုံအစေ့များစွာ ပါဝင်သည်။



### ခံတက်ပင်အမျိုးအစားများ

ခံတက်ပင်တွင် ကုန်းခံတက်နှင့် ရေခံတက်ဟူ၍ရှိသော်လည်း ကုန်းခံတက်ကိုသာ ဆေးအဖြစ် အသုံးပြုကြသည်။ ခံတက်ပင်သည် မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သော်လည်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် ပေါက်ရောက်သည့်ခံတက်ပင်က ပို၍ ဆေးစွမ်းထက်သည်။

### ခံတက်ရွက်စားသုံးမှုပုံစံ

ခံတက်ရွက်ကို ခံတက်ချဉ်တည်၍ စားခြင်း၊ အတို့အမြှုပ်ပြုလုပ်၍စားခြင်း၊ ခံတက်ချဉ်ကို ပါးပါးလှီး၍ ကြက်သွန်နီ၊ ဆီချက်၊ ပဲမှုန့်၊ ပုစွန်ခြောက်မှုန့်၊ မြေပဲတို့ဖြင့် သုပ်စားခြင်းကို အများဆုံးပြုလုပ်လေ့ရှိသည်။ ခံတက်ရွက်နုနုလေးများကို ဦးစွာ ဆားရည်စိမ်၍ တစ်ညသိပ်ထားပြီး နောက်နေ့နံနက်တွင် ရေအိုးသန့်သန့်ထဲသို့ ဆန်ဆေးရည်၊ ဆား၊ ထမင်းအနည်းငယ်ထည့်ပြီး အလုံပိတ်၍ အချဉ်တည်ကြသည်။ တချို့မှာ မန်ကျည်းမှည့်ဖြင့်ပြုတ်၍လည်း အချဉ်တည်စားသုံးကြသည်။

### ခံတက်ပင်၏အသုံးဝင်ပုံ

ခံတက်သား၏အရောင်မှာ ဝါကြန့်ကြန့်ဖြစ်၍ အသင့်အတင့်မာကာ အသားညီသောကြောင့် အိမ်အသုံးအဆောင်များ၊ ဗုံများ၊ ခေါင်းဘီးများနှင့် သေတ္တာများ ပြုလုပ်ကြသည်။ ခံတက်ပင်၏ အခေါက်ကို မီးကင်၍မွပြီး ဆီစိမ်စားရသည်။ အခေါက်နှင့်အမြစ်တို့ကလည်း ဆေးဖက်ဝင်သည်။ ရှေးယခင်ကတည်းက ခံတက်ပင်ကို ဆေးဖက်ဝင်အပင်အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

### မြန်မာ့ဆေးကျမ်းပါ ခံတက်ပင်၏ဆေးဖက်ဝင်ပုံ

ခံတက်သည် ခါးသက်သက်နှင့် ပူသောဂုဏ်သတ္တိရှိပြီး ဝမ်းမီးတောက်စေသည်။ ဝမ်းကို အနည်းငယ်သက်စေသည်။ လေနှင့်သလိပ်ကိုကြေစေ၍ ဆီးလွန်ရောဂါ၊ ဆီးအောင့်ရောဂါ၊ ကျောက်တည်ရောဂါနှင့် သွေးဖောက်ပြန်ခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်ဟု မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားသည်။ ခံတက်ပင်အရွက်၊ အမြစ်နှင့်အခေါက်တို့ကို ဆေးအဖြစ် အများဆုံး အသုံးပြုနိုင်သည်။ ခံတက်ခေါက်ကို အနာရောဂါ သက်သာစေသောဆေးအဖြစ် သက်တန့်နှင့် အနာပေါက်နာတို့၌ အခေါက်ကို ပရန္နဝါမြစ်နှင့် သွေးသောက်ပါက လျင်မြန်စွာ ပျောက်ကင်းစေသည်။

### ဝမ်းပျက်၊ ဝမ်းလျှောရောဂါကို ပျောက်ကင်းစေနိုင်

နွေရာသီ၌ ဖြိုင်ဖြိုင်ပေါ်သည့်ခံတက်ရွက်ကို ပြုတ်သောက်ခြင်း၊ ရေနွေးဖျော်ပြီး သောက်ပေးခြင်းတို့ပြုလုပ်ပါက နွေရာသီတွင်ဖြစ်တတ်သည့် အပူဝမ်းလျှော၊ ဝမ်းပျက်ရောဂါများနှင့် ချွေးငုပ်၊ မိတ်ငုပ်၊ ခတ်ငုပ်ခြင်းများကို ပျောက်ကင်းစေသည်။

### ကလေးရောဂါများပျောက်ကင်းစေနိုင်

ကလေးများတွင်ဖြစ်တတ်သည့် ဝက်သက်၊ ရေကျောက်စသည့် အပူနာရောဂါများအတွက် ကြိုတင်ကာကွယ်ဆေးအဖြစ် ခံတက်ရွက်ကို သကြား၊ ထန်းလျက်၊ ပျားရည် စသည်တစ်မျိုးမျိုးဖြင့် သင့်လျော်သလို တွဲဖက်၍ သောက်သုံးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

### ကိုက်ခဲနာကျင်မှုပျောက်ကင်းစေနိုင်

ခံတက်ရွက်ကိုကြိတ်၍ ရေနှင့်ဖျော်ပြီး မီးဖြင့်နွေးအောင်ပြုလုပ်၍ ကိုက်ခဲနာကျင်သည့်နေရာကို လိမ်းပေးပါက အကိုက်အခဲပျောက်စေသည်။

### လေထိုးလေအောင့်ရောဂါ ပျောက်ကင်းစေနိုင်

ခံတက်ရွက်ကိုအချဉ်တည်၍ မကြာခဏသုပ်စားခြင်း သို့မဟုတ် ရေနွေးဖျော်ပြီး သုပ်စားခြင်းနှင့် တို့စားခြင်းဖြင့် အစာမကြေရောဂါနှင့် လေထိုးလေအောင့်ရောဂါ ပျောက်ကင်းစေသည်။

### သွေးတိုးလေငန်းရောဂါများ ပျောက်ကင်းစေနိုင်

အအေးအကြောင်းခံဖြစ်သည့် ဆီးချို၊ လေငန်း၊ သွေးတိုးရောဂါများနှင့် ရုပ်လေးပြီး ထိုင်းမှိုင်းခြင်း၊ ရုပ်ဝပြီး သွေးကြောလေကြောများကျဉ်းခြင်း၊ အကြောတက်ခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း စသည့် ရောဂါများအတွက် ခံတက်ရွက်သုပ်စားခြင်း၊ ခံတက်ရွက်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

ခံတက်မြစ်အခေါက်ကို လေးခွက်တစ်ခွက်တင်ကျို၍ သောက်ပါက ဆီးအိမ်ရောင်ရောဂါနှင့် ကျောက်တည်ရောဂါ ပျောက်ကင်းစေသည်။ အမြစ်ကို အပြင်းဖျားရောဂါကုဆေးတွင်လည်း ထည့်သွင်းအသုံးပြုသည်။

### ဆီးချိုနှင့်ကျောက်တည်ရောဂါ ပျောက်စေနိုင်

ဆီးချိုရောဂါရှိသူများအတွက် ခံတက်ရွက်နှင့်အခေါက်ကို ရေနှင့်လေးပုံတစ်ပုံတင်ကျို၍သောက်ပါက ဆီးချိုရောဂါကို သက်သာပျောက်ကင်းစေသည်။ ယင်းပြုတ်ရည်ကို ကြံသကာနှင့် ရောသောက်ပါက ဆီးအိမ်ရောင်တင်းခြင်းနှင့် ကျောက်တည်ရောဂါပျောက်ကင်းစေသည်။

### ဆီးသွားရောဂါကို သက်သာပျောက်ကင်းစေနိုင်

ဆီးမကြာခဏသွားခြင်း၊ ဆီးထိန်းချုပ်၍မရခြင်း၊ ဆီးလွန်ခြင်း၊ ဆီးများခြင်းတို့အတွက် ခံတက်ခေါက်သွေး၍ရသောအရည်တစ်ဆနှင့် သံပရာရည်နှစ်ဆရောပြီး တစ်ရက်လျှင် လက်ဖက်စားဇွန်းတစ်ဇွန်း ညအိပ်ရာဝင်ချိန်တွင် အချိန်မှန်မှန်သောက်ပေးပါက သက်သာပျောက်ကင်းစေသည်။

### အဆစ်ရောင်ရောဂါကို ပျောက်ကင်းစေသောခံတက်ရွက်

ခံတက်ရွက်ကြိတ်ရည်နှင့် ကွမ်းရွက်ကြိတ်ရည်တို့ကို ဆတူရောပြီး ထောပတ်အနည်းငယ်ထည့်၍ သောက်ပေးပါက အဆစ်ရောင်ရောဂါကို သက်သာပျောက်ကင်းစေသည်။

### သတိထားစားသင့်သူများ

ခံတက်ချဉ်က ဆေးဖက်ဝင်သည်ဆိုသော်လည်း ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ ကလေးငယ်များ၊ ရောဂါအခံရှိသူများနှင့် ဆေးဝါးသောက်သုံးနေရသူများ သတိပြုစားသုံးသင့်သည်။ လူကောင်းများအနေဖြင့်လည်း တန်ဆေးလွန်ဘေးဆိုသကဲ့သို့ လွန်ကဲစွာစားသုံးမှုကိုရှောင်ကြဉ်ရပါမည်။ ခံတက်ခေါက်သည် အင်ဆူလင်အပိုထုတ်လွှတ်မှုကို လျှော့ချပေးပြီး သွေးတွင်းသကြားဓာတ်ပမာဏကို လျှော့ချပေးသောကြောင့် ဆီးချိုရောဂါအတွက် အခေါက်မှုန့်ကော်ဖီဇွန်းနှစ်ဇွန်းကို တစ်ရက်လျှင် နှစ်ကြိမ်သောက်သုံးပေးနိုင်သည်။ အသီး၊ အရွက်နှင့် အခေါက်တို့၏ သတ္တုရည်ကို ရောဂါပိုးဝင်သည့်ဒဏ်ရာများနှင့် ပြတ်ရှဒဏ်ရာများတွင် လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

ခံတက်ရွက်သည် ဆီးလမ်းကြောင်းပိုးဝင်မှုကိုသက်သာစေခြင်း၊ ဆီးရှင်စေခြင်း၊ ကိုယ်တွင်းရောင်ရမ်းမှု၊ ဆီးကျိတ်သက်သာစေခြင်း၊ လေထိုးလေအောင့်ကင်းစေခြင်း၊ အစာခြေစနစ်ကျန်းမာစေခြင်း၊ အစာစားချင်စိတ်ဖြစ်စေခြင်း၊ ဆီးအိမ်ရောင်ခြင်း၊ ဆီးကျောက်တည်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာအဆိပ်သင့်မှုကို ကာကွယ်ပေးခြင်း၊ ဆီးချိုရောဂါ၊ ဆီးမထိန်းနိုင်ခြင်း၊ ကိုယ်တွင်းကျောက်တည်ခြင်းတို့ကို သက်သာစေခြင်း၊ ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝခြင်း၊ ဗက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်ခြင်း စသည့် အာနိသင်များ ကြွယ်ဝသည်။ သို့ဖြစ်၍ အဘက်ဘက်မှကျန်းမာရေးကို အထောက်အကူပြုသည့် ဆေးဖက်ဝင်သော ခံတက်ရွက်ကို သင့်လျော်သလို ပြုလုပ်စားသုံးကြရင်း ရောဂါများ ကင်းဝေးကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

# မင်းဘူး(စကု)မြို့နယ်၌ ကျေးရွာချင်းဆက်လမ်းနှင့် ဆားပွက်ချောင်းတံတားချဉ်းကပ်လမ်းဖွင့်ပွဲကျင်းပ

မင်းဘူး(စကု) နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေတွင်းကုန်း-ဆင်လမ်းကြီး ကျေးရွာချင်းဆက်လမ်းနှင့် ရေတွင်းကုန်းကျေးရွာ ဆားပွက်ချောင်းတံတား ချဉ်းကပ်လမ်းဖွင့်ပွဲကို နိုဝင်ဘာလ ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူး(စကု)မြို့နယ် ရေတွင်းကုန်းကျေးရွာ ဆားပွက်ချောင်းတံတား ချဉ်းကပ်လမ်းနှင့် ရေတွင်းကုန်း - ဆင်လမ်းကြီး ကျေးရွာချင်းဆက်လမ်း မုခ်ဦးရှေ့တို့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ခဲ့သည့် ဘင်ခရာအဖွဲ့နှင့် အိုးစည်၊ ဒိုးပတ်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက ရေတွင်းကုန်းကျေးရွာ ဆားပွက်ချောင်းတံတား ချဉ်းကပ်လမ်းနှင့် ရေတွင်းကုန်း - ဆင်လမ်းကြီး ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပေးမှုအခြေအနေများနှင့်ပတ်သက်၍ ပြောကြားကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။



**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မြိတ်မြို့၌ အခြေခံအရေးပေါ်စောင့်ရှောက်နည်း သင်တန်းဖွင့်လှစ်

မြိတ် နိုဝင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက်ရေပုန်းရပ် စပါးရွှေဝါလမ်းရှိ ခရိုင်ကြက်ခြေနီအသင်းခွဲရုံး၌ အခြေခံအရေးပေါ်စောင့်ရှောက်နည်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မှ ကျန်းမာရေးကွင်းဆင်းအရာရှိဦးမာန်းဟန်ချစ်ထူးက သင်တန်းရည်ရွယ်ချက်များအား ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာ ငါးဦးက လူနာအား ဆန်းစစ်ခြင်း၊ အန္တရာယ်ကင်းရှင်းရေး ရွှေ့ပြောင်းခြင်း၊ လူနာအား နည်းစနစ်မှန်ကန်စွာသယ်ယူခြင်း၊ ရှေးဦးပြုစုနည်းဖြင့် ပြုစုနည်းနှင့် ဆေးရုံ၊ ဆေးခန်းသို့အန္တရာယ်ကင်းစွာပို့ဆောင်ရေးကိစ္စများ စသည့်ခေါင်းစဉ်များဖြင့် နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက်အထိ ငါးရက်ကြာစာတွေ့လက်တွေ့သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

(၄၁၂)



## မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

ပင်လုံ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ မိုးစပါးအထွက်နှုန်းသိရှိစေရေးအတွက် တိုက်ရိုက်မျိုးစေ့ချ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာလ ၁၁ ရက် နံနက်ပိုင်းတွင် ကွင်းအမှတ် (၃၇) တောင်သူ ဦးစိုင်းလုံ၏ လယ်မြေ၌ ကျင်းပသည်။

ထိုသို့ ရိတ်သိမ်းရာတွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ခရိုင်ဦးစီးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုးစပါးစိုက်တောင်သူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ တောင်သူ ဦးစိုင်းလုံ၏ လယ်မြေ ၂ ဒသမ ၅၃ ဧကတွင် DU-12 (ညှော့မထအထွက်ကောင်းမျိုး)မိုးစပါးစိုက်ပျိုးထားပြီး တစ်ဧကပျမ်းမျှအခြောက်ထွက် ၁၁၈ ဒသမ ၆၃ တင်း ထွက်ရှိသည်။

ပင်လုံမြို့၌ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ဧက ၁၂၃၁၇ ဧက စိုက်ပျိုးထားရှိပြီး ယခုအချိန်သည် မိုးစပါးများရိတ်သိမ်းချိန်ဖြစ်၍ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း ပင်လုံမြို့စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၁၄)

## အတူတကွ မဲပေးကြစို့

❖ ဒီမိုကရေစီ၊ ကျင့်သုံးသည့်ဝယ်
ရည်ရွယ်ဆင်နွှဲ၊ ရွေးကောက်ပွဲမှာ
နက်နဲသေချာ၊ ရှိနေတာမို့
တည်ရာအစစ်၊ ရေသောက်မြစ်ဟု
ဖွေလှစ်စကား၊ ရှိနေပြေးတည့်
အများပြည်သူ၊ လွန်ကြည်ဖြူ၍
ဂုဏ်ယူမနေး၊ ခွင့်အရေးတည့် ။

❖ ဝင်ရောက်ရွေးချယ်၊ ကိုယ်စားလှယ်မှာ
ရည်ရွယ်လေးနက်၊ ပြည်အတွက်ဟု
နှစ်သက်စိတ်မှာ၊ ထားရှိပါလို့
ပညာအတတ်၊ ရှိနေအပ်ကာ
ဆက်စပ်ကေန်၊ နေရာမှန်ဟု
သဏ္ဌာန်ဂုဏ်ဝင့်၊ ရှိနေသင့်၏။

❖ တို့များလူထု၊ မဲပေးမှုတွင်
စေ့ငုသေချာ၊ ရွေးချယ်ရာမို့
မြန်မာနိုင်ငံ၊ တိုးတက်ရန်ဟု
ကေန်ကြိုးစား၊ ထိုလူများနှင့်
စီးပွားဒီရေ၊ တိုးတက်စေဟု
မသွေကြိုးစား၊ တော်သူများကို
စဉ်းစားချိန်ဆ၊ ရွေးချယ်ကြစို့။

❖ ဩော်…
ရွေးကောက်ပွဲကြီး၊ အောင်မြင်ပြီးက
အသီးသီးလွှတ်တော်၊ ဖွဲ့စည်းခေါ်ပြီး
သင့်လျော်အမှု၊ ကိုယ်စားပြုလို့
လူထုအရေး၊ ဆောင်ရွက်ပေးကာ
နောင်ရေးစည်အောင်၊ တိုးတက်အောင်ဟု
ရည်ဆောင်ကြိုးပမ်း၊ ရှေ့သို့လှမ်းစို့။
အတူတကွ၊ မဲပေးကြစို့။ ။

**စိန်ဌေးလှိုင်(ပခုက္ကူ)**

### MWD Variety Channel ၁၂-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | ရှာဖွေလေ့လာ ပြတိုက်မှာ |
| ၂။ | ၁၀:၃၀ | မှတ်သားလေ့လာ အိမ်တွင်းမှုပညာ |
| ၃။ | ၁၁:၃၅ | ကမ္ဘာတစ်ခွင် မှတ်တမ်းဝင် |
| ၄။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၅။ | ၁၅:၅၀ | ဗုဒ္ဓဓမ္မအသိများ တိုးပွားရကြစေ |
| ၆။ | ၂၁:၁၀ | မှတ်တမ်းအစီအစဉ် |

### မြဝတီရုပ်မြင်သံကြားအစီအစဉ် ၁၂-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | Movie & Movies |
| ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ | ၁၇:၀၀ | မွေးမြူသုတ |
| ၁၁။ | ၁၈:၂၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၂။ | ၁၈:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း ပုဂံမှာသာတဲ့လ (ပထမပိုင်း) သရုပ်ဆောင် ရန်အောင်၊ မေသန်းနု ဒါရိုက်တာ မြတ်တင်အေး |
| ၁၃။ | ၁၉:၀၀ | ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက် အစီအစဉ် |

# မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး　နိုဝင်ဘာ　၁၁**

မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၁၉၂၅ ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် မြို့မအပျော်တမ်းတူရိယာအသင်းကြီးမှာ မကြာခင် နှစ်(၁၀၀)ပြည့်တော့မည်ဖြစ်ကြောင်း၊ မန္တလေးနှင့် မြို့မအပျော်တမ်းတူရိယာအသင်းကြီးမှာခွဲခြား၍မရကြောင်း၊ မြို့မိမြို့ဖများနှင့်အတူ ရှင်သန်ရပ်တည်လာခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မန္တလေးမြို့၏ ပြယုဂ် မြို့မအပျော်တမ်းတူရိယာအသင်းကြီးဖြစ်ကြောင်း၊ မြို့မိမြို့ဖများ၏ အစဉ်ထာဝရအားပေးနေမှု၊ အသင်းသား၊ အသင်းသူများ၏ ညီညွတ်မှုနှင့်လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့မှုတို့ဖြင့် နှစ်(၁၀၀)တိုင် ခရီးသို့ ရောက်တော့မည်ဖြစ်ကြောင်း၊ အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ နှစ်(၁၀၀)ပြည့် ပွဲတော်အခမ်းအနားကို ရတနာပုံခန်းမ၌ နိုဝင်ဘာလ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်မန္တလေးမြို့ မြို့မအပျော်တမ်းတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် ရာပြည့်အကြိုအဖြစ် အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေခြင်း၊ နိုင်ငံကျော်အနုပညာရှင်များနှင့်မြို့မတူရိယာပင်တိုင်အဆိုရှင်များပူးပေါင်း၍ အမှတ်တရတေးသီချင်းများ (အခမဲ့)ထုတ်ဝေဖြန့်ဝေခြင်း၊ မြို့မတေးသီချင်းများ အဆိုပြိုင်ပွဲများ ဆောင်ရွက်နေခြင်း၊ အထိမ်းအမှတ်မဂ္ဂဇင်းနှင့် အမှတ်တရတေးသီချင်းများကို နိုဝင်ဘာလလယ်တွင် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ရာပြည့်အခမ်းအနားတွင် ထည့်သွင်းဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက ဆွေးနွေးချက်များအပေါ်ဖြည့်စွက်ပြောကြားပြီး အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရေစူးကန့်သတ်ချက်လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်အထိကာလသည် ရေနည်းကာလဖြစ်သောကြောင့် ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် ရေကြောင်းနယ်မြေအလိုက် ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေနည်းကာလအတွင်း အောက်ပါအတိုင်းကန့်သတ်ထားပါသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟသ်ာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များလိုက်နာကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း လိုက်နာခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်



**ရန်ကုန် နိုဝင်ဘာ ၁၁**

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်း ပါဝင်သော ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများ အပါအဝင် အဆင့်မီဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း၊ ပြည်ပ ဂေါက်သီးရိုက် အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ နိုဝင်ဘာလ ၁၁ ရက် နံနက် ၉ နာရီခွဲအချိန်တွင် ဂေါက်သီးရိုက်ကစားသမား ဦးကျော်နေဝင်းသည် ကစားဖော်များဖြစ်သော ဦးဖွဲ့နေဝင်း၊ ဦးကျော်ဇေယျတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၅ ၌ HONMA-2 ဘောလုံးကို PING 440 Iron-7 တုတ်ဖြင့် ကိုက် ၁၆၀ အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One) သွားခဲ့သည်။

Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ် တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် ငါးကြိမ် လက်မှတ်များနှင့် Mytel မှ ငွေသားဆု ၁၀၀၀၀၀ ကျပ်ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၉၃) ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးလျက်ရှိကြောင်းသိရသည်။ **မြဝတီ**

# 2025 MYM Cup ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၁၁**

အထက်မြန်မာပြည်ကိုယ်စားပြု မန်းစီးတီးဂေါက်သီးရိုက်အသင်းနှင့် အောက်မြန်မာပြည်ကိုယ်စားပြုရင်လုံဂေါက်သီးရိုက်အသင်းတို့၏ အဋ္ဌမအကြိမ်မြောက် MYM Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ နှစ်ဖက်အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ EC အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နှစ်ဖက်အသင်းမှ ဥက္ကဋ္ဌများက အသင်းအလံများ လဲလှယ်ယူကြသည်။ ထို့နောက်မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မန်းစီးတီးဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးရွှေမြင့်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရင်လုံဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးလှမြင့်ရွှေ၊ မန်းစီးတီးဂေါက်သီးရိုက်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ရင်လုံဂေါက်သီးရိုက်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးရန်အောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မန်းစီးတီးဂေါက်သီးရိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ကိုကို၊ ရင်လုံဂေါက်သီးရိုက်အသင်း အသင်းကြီးကြပ်ရေးမှူး ဦးစိုင်းစောမြင့်တို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲ ပထမနေ့ကို စတင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသည် ပထမနေ့တွင် Four-Ball Match Play (နှစ်ယောက်တွဲကျင်းပြတ်) ပြိုင်ပွဲနှင့် ဒုတိယနေ့တွင် Individual Match Play (တစ်ဦးချင်းကျင်းပြတ်ပြိုင်ပွဲ) ဖြစ်ပြီး (Ryder Cup) ပုံစံအတိုင်းယှဉ်ပြိုင်ကစားသော ပြိုင်ပွဲဖြစ်သည်။

MYM Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် မျိုးဆက်သစ် ထူးချွန်ဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွန်းလာစေရေးနှင့်စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး နယ်ပယ်အသီးသီး၌ အချင်းချင်းအပြန်အလှန် ချစ်ကြည်ရင်းနှီးစွာဆက်သွယ်ရိုင်းပင်းနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

မြဝတီ

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။

**၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**

**(၁၄-၁၁-၂၀၂၅)**

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
- အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။
- အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။
- အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

## သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုးတက်ရေးကြိုးပမ်း



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြင့်မားရေးအတွက် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုးတက်ရေးလုပ်ငန်းများမှာကြားဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အွန်လိုင်းစနစ်ဖြင့်ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများနှင့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ ပညာပေးဝန်ထမ်း ၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တောင်သူများထံ နည်းပညာနှင့်သတင်းအချက်အလက်များကို Mobile နည်းပညာဖြင့် အချိန်မီပေးပို့နိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထွက်ရှိမှုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်ရေးအပြင် ဒေသတစ်ခုတွင် အောင်မြင်နေသော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာအတွေ့အကြုံများကို အခြားဒေသတောင်သူများ လိုက်ပါအသုံးပြုနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်လိုအပ်လျက်ရှိကြောင်း။

အလားတူ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများပါဝင်နေခြင်းသည်ဈေးကွက်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေသဖြင့် ပိုးသတ်ဆေးများလျှော့ချအသုံးပြုနိုင်ရေးကို အသိပညာပေးစည်းရုံးဆောင်ရွက်ရန် လိုကြောင်း၊ ဆည်ရေသောက်၊ မိုးကောင်းသောက်ကမ်းရိုးတန်းဒေသ၊ ခြောက်သွေ့ဒေသနှင့် တောင်ပေါ်ဒေသ စသော ဂေဟစနစ်အမျိုးမျိုးအတွက် သင့်တော်သောသီးနှံမျိုးများကို မွေးမြူရွေးချယ်ရာတွင် တောင်သူလယ်သမားများ၊ ပြည်ပတင်ပို့သော လုပ်ငန်းရှင်များပါဝင်သော မျိုးမွေးမြူရွေးချယ်ရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သွားရန်လိုကြောင်း၊ AI နည်းပညာကို မိမိတို့ဝန်ထမ်းများ ကျွမ်းကျင်စွာအသုံးပြုတတ်ရေးအပြင် တောင်သူများလည်း AIနည်းပညာနှင့် နီးနီးစပ်စပ်အသုံးပြုတတ်စေရေး ကြိုးပမ်းကြရန်လိုကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သိရှိလိုသည်များကို AI တွင် အချိန်မရွေး မေးမြန်းအသုံးပြုနိုင်ပါက တောင်သူအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက အကြောင်းအရာတစ်ခုချင်းအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

## အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur အား ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပန်းဝါဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ကိစ္စရပ်များ၊ အထူးသဖြင့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ငလျင်ဘေးအလွန် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မြဝတီ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နှိုးဆော်မှုများရိုက်ကူးရေးတွင် ရုပ်ရှင်အနုပညာရှင်များပါဝင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရုပ်ရှင်အနုပညာရှင်များကလည်း အသိပညာပေးနှိုးဆော်မှုများရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြသည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင်ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကိုအတူတကွဖော်ဆောင်ကြရန်အတွက် ပြည်သူချစ်သော ရုပ်ရှင်အနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၅ ရက်မှ စတင်ပြီး ရန်ကုန်မြို့ အနုပညာရပ်ဝန်း၌ ရုပ်ရှင်ဒါရိုက်တာများနှင့် အနုပညာရှင်များပူးပေါင်း၍ အသိပညာပေးနှိုးဆော်မှုများရိုက်ကူးရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်မှုတွင် ရုပ်ရှင်အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ ထွန်းထွန်း၊ အကယ်ဒမီ ရွှေထူး၊ ညီနန္ဒ၊ ဟိန်းဝေယံ၊ ပိုင်တံခွန်၊ အောင်ရဲလင်း၊ အလင်းရောင်၊ တိုင်ရွှန်၊ လွှမ်းပိုင်၊





ကျော်ထက်အောင်၊ ထူးအောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီ ခိုင်သင်းကြည်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ စိုးပြည့်သဇင်၊ အကယ်ဒမီ ဖွေးဖွေး၊ အကယ်ဒမီ ဝတ်မှုံရွှေရည်၊ အကယ်ဒမီ ချောရတနာ၊ အကယ်ဒမီ အေးမြတ်သူ၊ အကယ်ဒမီ ရွှေမှုန်ရတီ၊ အကယ်ဒမီ ခင်ဝင့်ဝါ၊ မိုးဟေကို၊ ယွန်းဝတီလွင်မိုး၊ ပိုးမမှီသာ၊ ရတနာဗို၊ သဥ္ဇာဝင့်ကျော်၊ ဖူးစုံ၊ နော်ဖောအယ်ထား၊ ဆောင်းဝတ်ရည်မေ၊ မေပန်းချီ၊ သဲစုညိမ်း၊ မေမီကိုကိုနှင့် ရွှေသမီးတို့က ရွေးကောက်ပွဲဆိုင်ရာ ပြည်သူအသိပညာပေးနှိုးဆော်မှုများရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၁

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးသန့်ဇော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ဦးသန့်ဇော်(ဥက္ကဋ္ဌ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ)**

**ရှိသေလေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား။**

"ကျန်းမာ ရွှင်လန်း ချမ်းမြေ့ကြပါစေ" လို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ...

ကျွန်တော်ကတော့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ NIDP (ဗဟို)၏ဥက္ကဋ္ဌ ဦးသန့်ဇော်ဖြစ်ပါတယ်။ မွန်ပြည်နယ်မှာ အခြေစိုက်ထားတဲ့ပါတီတစ်ခုဖြစ်ပါတယ်။

မကြာခင်မှာ (တတိယအကြိမ်) လွှတ်တော်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆုံးဖြတ်ချက်မှန်ကန်မှုဟာ ဘယ်လောက်အရေးပါလဲ... ရွေးကောက်ပွဲဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့အနာဂတ်ကို ဘယ်လောက်ထိထင်ဟပ်စေလဲ...ဆိုတာ မျက်ဝါးထင်ထင်တွေ့မြင်ကြရတော့မှာဖြစ်ပါတယ်....

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးသားအကျိုးစီးပွားပေါ်မှာသာ ရပ်တည်နေခဲ့ကြပါတယ်....

- ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာရဲ့ဖိအားတွေကို ကြီးကြီးမားမားခံနေရပါတယ်။
- နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးတွေကိုလည်း အဘက်ဘက်က စိုးရိမ်ပူပန်နေကြရတဲ့ အချိန်ကာလလည်းဖြစ်နေပါတယ်။
- ငွေကြေးဖောင်းပွမှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်တွေကိုလည်း ပြည်သူတွေခံစားနေကြရပါတယ်။
- ပြည်ပနိုင်ငံများရဲ့စွက်ဖက်မှုကြောင့် တိုင်းပြည်ရဲ့.. အချုပ်အခြာအာဏာကို ထိပါးတဲ့ဖြစ်ရပ်တွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။

မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ပြည်ပကသွေးထိုးနှောင့်ယှက်မှုများကြောင့် နိုင်ငံတော်ရဲ့ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံးနဲ့ အမျိုးသားရေးအင်အားစုများ ပေါင်းစည်းပါဝင်မှသာ တည်တံ့ခိုင်မာမှုရှိမယ်ဆိုတာ ကျွန်တော်တို့ယုံကြည်ပါတယ်..

ဒါ့ကြောင့် ကျွန်တော်တို့ ပါတီသည်လည်း မိဘပြည်သူများနဲ့အတူ နိုင်ငံတော်တည်ဆောက်ရေးမှာ ကျရာအခန်းကဏ္ဍကနေပြီး ပါဝင်ဆောင်ရွက်နိုင်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်....

ရိုသေလေးစားအပ်သော မိဘပြည်သူများခင်ဗျာ-----ပါတီရဲ့ အခြေခံရပ်တည်ချက်နှင့်မူဝါဒကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အခြေခံရပ်တည်ချက်ဟာ တိုင်းရင်းသားအားလုံးနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အကျိုးစီးပွား၊ တိုင်းပြည်ရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် ပြတ်ပြတ်သားသားရပ်တည်သွားမှာဖြစ်ပါတယ်။

မူဝါဒအားဖြင့် - အခြေခံရပ်တည်ချက်တူညီတဲ့ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားပါမယ်။

(၁) တိုင်းရင်းသားများအကြား တန်းတူအခွင့်အရေးရရှိရေး၊ (၂) နိုင်ငံရေး၊ လူမှုရေးပဋိပက္ခများချုပ်ငြိမ်းစေရေးတို့ကို ဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် ကောင်းမွန်သောနိုင်ငံရေးဝန်းကျင်သစ်ပညာရေးအခြေခံသစ်တွေဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အမျိုးသားအကျိုးစီးပွားအပေါ်မှာအခြေခံပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေကို မှန်မှန်ကန်ကန်နဲ့ အစွန်းမရောက်စေဘဲ ပြုစုပျိုးထောင်ပေးသွားမှာဖြစ်ပါတယ်။

ဆက်လက်၍ ကျွန်တော်တို့ ပါတီမူဝါဒတွေထဲက အရေးကြီးဆုံးအပိုင်းတွေကို တင်ပြချင်ပါတယ်။

**တိုင်းရင်းသားများကဏ္ဍ**

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီအနေနဲ့ တိုင်းရင်းသားများ ကဏ္ဍအပေါ်မှာ အလွန်အလေးအနက်ထားပါတယ်။ လူမျိုးစုံ ဒေသစုံများပျောက်ကင်းပြီး မြန်မာနိုင်ငံဟာ တိုင်းရင်းသား ၁၃၅ မျိုးလုံးရဲ့ တစ်ခုတည်းသောနိုင်ငံ၊ တူညီသောရည်မှန်းချက်၊ ညီမျှသော ဖွံ့ဖြိုးတိုးတက်မှု၊ အချင်းချင်းအပြန်အလှန်ချစ်ခင်လေးစားမှုရှိပြီး သံသယတွေပျောက်ကင်းတဲ့ ငြိမ်းချမ်းတဲ့အခြေအနေတစ်ခုရောက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းပါတယ်...ဒါမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

ဒါ့ပြင် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အမျိုးသားရေးလက္ခဏာများ၊ ဓလေ့ထုံးတမ်းများ ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးထားပါမည်။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ**

ကျွန်တော်တို့အနေနဲ့ ပြည်သူ့ကျန်းမာရေးကို အခြေခံအခွင့်အရေးအဖြစ် သတ်မှတ်ထားပါတယ်။

- ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးကို တန်းတူခံစားခွင့်ရရှိစေပါမယ်။
- ကျေးလက်ဒေသနှင့် ခက်ခဲဒေသတွေမှာ ဆေးရုံ၊ ဆေးခန်းတွေကို တိုးချဲ့တည်ဆောက်ပေးမယ်။
- ပြည်သူတွေအတွက် ပြည်သူ့ဆေးရုံကြီးတွေနဲ့ ကျေးလက်ဆေးပေးခန်းများအား အဆင့်မြှင့်တင်ဖို့ကြိုးပမ်းသွားပါမယ်။
- ဆေးဝါးနဲ့ ဆရာဝန်များလုံလောက်အောင် စနစ်ကျကျဖြန့်ဝေပေးပါမယ်။
- လူတိုင်းကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်သက်သာ၍ အာမခံချက်ရှိသော ကျန်မာရေးစောင့်ရှောက်မှုအခွင့်အလမ်းများ ရရှိစေရန် ဆောင်ရွက်ပေးသွားပါမယ်။

"ပညာရေးကဏ္ဍ" ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

- နိုင်ငံသားတိုင်းဟာ တန်းတူညီမျှ ပညာသင်ကြားခွင့်ရရှိစေမှာဖြစ်ပြီး ပညာသင်ကြားရေးသည် အနည်းဆုံးမူလတန်းနှင့် အခြေခံအဆင့်တွင် အခမဲ့သင်ကြားခွင့်ရရှိအောင်ပံ့ပိုးဆောင်ရွက်သွားပါမယ်။
- ကျေးလက်ဒေသနေ ကျောင်းသား ကျောင်းသူများအတွက် အခြေခံကျောင်းသုံးပစ္စည်းများ အခက်အခဲမရှိအောင် တိုက်ရိုက်ထောက်ပံ့ပေးမယ်။
- နည်းပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွေကို တိုးချဲ့ပေးပြီး လူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းအတွက် လုပ်ငန်းခွင်နဲ့ တိုက်ရိုက်ချိတ်ဆက်ပေးနိုင်တဲ့ လက်တွေ့ပညာရပ်တွေကို ဖော်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

**ဥပဒေပြုရေးနဲ့တရားစီရင်ရေးကဏ္ဍ**

ဒီကနေ့ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဟာ ပြောင်းလဲနိုင်မှုများစွာ မတွေ့ရသေးပါဘူး။ ပြင်ဆင်၊ ဖြည့်စွက်သင့်တဲ့ဥပဒေတွေ အများကြီးလိုနေပါသေးတယ်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုမယ့် ဥပဒေတွေ၊ ရာဇဝတ်မှုကျဆင်းရေးအတွက် ပြစ်မှု၊ ပြစ်ဒဏ်မျှတတဲ့ ဥပဒေတွေပြဋ္ဌာန်းဖို့လိုအပ်ပါသေးတယ်။ ပြည်သူအခြေပြုတဲ့ ဥပဒေ၊ အမျိုးသားအကျိုးစီးပွားကို ပံ့ပိုးပေးတဲ့ဥပဒေဖြစ်ရပ့်ါမယ်။ ကျွန်တော်တို့အားလုံး ဥပဒေရဲ့အောက်မှာ ဥပဒေရဲ့တူညီတဲ့ကာကွယ်စောင့်ရှောက်မှုကိုရရှိဖို့ဆောင်ရွက်ပေးသွားပါမယ်။ လုပ်ပိုင်ခွင့်အာဏာကို အလွန်အကျွံသုံးစွဲတဲ့ လုပ်ရပ်တွေကို အဆုံးတိုင်ပယ်ရှားသွားပါမယ်။




**အုပ်ချုပ်ရေးကဏ္ဍ**

အုပ်ချုပ်ရေးကဏ္ဍမှာဆိုရင်လည်း စာတွေ့နဲ့လက်တွေ့အရည်အချင်းနှစ်ပါးနဲ့ပြည့်စုံတဲ့၊ နိုင်ငံတကာအမြင်ရှိတဲ့ စီမံခန့်ခွဲရေးပညာကျွမ်းကျင်တဲ့သူတွေနဲ့ ဖွဲ့စည်းထားပြီး Strong Government ဆိုတဲ့ ကျစ်လျစ်ခိုင်မာတဲ့အစိုးရအဖြစ် ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။ ဗျူရိုကရေစီယန္တရားရဲ့ လည်ပတ်ပုံကို ကောင်းစွာသိရှိပြီး ကောင်းစွာစီမံခန့်ခွဲနိုင်တဲ့ အစိုးရအဖွဲ့ဖြစ်ဖို့လိုပါတယ်။ ဆုံးဖြတ်ရဲသူတွေ၊ ပြဿနာကိုဖြေရှင်းရဲပြီး မူဝါဒအမှန်ချမှတ်နိုင်သူတွေ၊ တာဝန်ယူမှုတာဝန်ခံမှုရှိသူတွေနဲ့ ဖွဲ့စည်းထားဖို့လိုပါတယ်။ ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ၊ အစိုးရအဖွဲ့ဝင်တွေပါ အရည်အချင်းမြင့်မားသူတွေ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတွေနဲ့ ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။

**စီးပွားရေးကဏ္ဍ**

နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးမတိုးတက်တာနဲ့ ကျန်တဲ့ကဏ္ဍတွေမှာ အလိုအလျောက် အားနည်းလာတတ်ပါတယ်။ နိုင်ငံစီးပွားရေးတိုးတက်မှုဆိုရာ၌ လူတန်းစားသုံးရပ်စလုံးရဲ့ အရေးကိစ္စဖြစ်ပါတယ်။ အထူးသဖြင့် (ရာခိုင်နှုန်း ၇၀) ကျော်ရှိနေသေးတဲ့ အခြေခံလူတန်းစားတွေရဲ့ စားဝတ်နေရေးဟာ အဓိကကျပါတယ်။ အခြေခံလူတန်းစားတွေရဲ့ မိသားစုသက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်လမ်းများရရှိစေရေး၊ ဈေးကွက်နဲ့ နည်းပညာတိုးတက်ရေး၊ စက်မှုစီးပွားလုပ်ငန်းတွေတိုးတက်ရေးအတွက် ခေတ်စနစ်နဲ့ကိုက်ညီတဲ့ မူဝါဒကိုရေးဆွဲပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်အားပေးသကဲ့သို့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ အရင်းရှင်စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေကိုလည်း ဆန့်ကျင်တိုက်ဖျက်သွားမှာဖြစ်ပါတယ်။

**တောင်သူလယ်သမားများကဏ္ဍ**

ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးသည် အခြေခံကျတဲ့ကဏ္ဍမှာပါဝင်နေပါတယ်။ နိုင်ငံလူဦးရေရဲ့ (၇၀) ရာခိုင်နှုန်းကျော်တဲ့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒီနေ့ လယ်သမားများအနေနဲ့ အကြွေးနွံတောမှာနစ်နေတာကို စစ်တမ်းများအရတွေ့ရပါတယ်။ ငွေကြေးအရင်းအနှီးပံ့ပိုးမှု၊ သွင်းအားစုနှင့် ခေတ်မြေဩဇာရရှိမှု၊ စိုက်ပျိုးစရိတ်အချိန်မီရရှိမှု၊ မှန်ကန်တဲ့ဈေးကွက်ရရှိမှု၊ စိုက်ပျိုးပင်မှန်ကန်မှုတွေသည် တောင်သူလယ်သမားတွေရဲ့ အရေးကြီးသောအရာတွေဖြစ်ပါတယ်။ ဒါကြောင့် –

- တောင်သူလယ်သမားတွေ အဓိကလိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေ၊ ခေတ်မြေဩဇာပံ့ပိုးမှု၊ စိုက်ပျိုးနည်းပညာ အချိန်မီရရှိရေးနှင့် စိုက်ပျိုးသီးနှံများကို ဈေးကွက်ဝင်ရောက်ခွင့်ရရှိစေရေးအတွက် ကူညီပံ့ပိုးပေးသွားပါမယ်။ ဒါ့ပြင် တောင်သူလယ်သမားတွေကို ကျေးဇူးဆပ်သောအားဖြင့် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲများနှင့်တောင်သူလယ်သမားနေ့အခမ်းအနားကို ခမ်းနားစည်ကားစွာဖြင့် ကျင်းပဂုဏ်ပြုသွားမှာဖြစ်ပါတယ်။

**အလုပ်သမားကဏ္ဍ**

- အလုပ်သမားအင်အားစုများသည် နိုင်ငံတိုးတက်ရေး၊ တည်ဆောက်ရေးအတွက် အခြေခံခိုင်အောင် ဆောင်ရွက်ပေးနေတဲ့ အင်အားစုများဖြစ်ပါတယ်။
- အလုပ်သမားအခွင့်အရေးတွေအပြည့်အဝရရှိဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**စာမျက်နှာ ၁၃ သို့**

⊃ စာမျက်နှာ ၁၂ မှအဆက်

- လုပ်ခလစာညီမျှမှု၊ အလုပ်ချိန်၊ အနားယူခွင့်တွေ နိုင်ငံတကာစံနှုန်းများနှင့်အညီရရှိစေရေး အလုပ်သမားဥပဒေဘောင်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါမယ်။
- နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားများကိုလည်း မိခင်နိုင်ငံရဲ့ ဥပဒေအကာအကွယ်စောင့်ရှောက်မှုတွေရရှိအောင်ဆောင်ရွက်ပေးပါမယ်။
- အလုပ်သမားမိသားစုတွေအတွက် လူမှုဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းတွေကိုလည်း တိုးချဲ့ဖန်တီးပေးသွားမှာဖြစ်ပါတယ်။

**နိုင်ငံတကာဆက်ဆံရေး**

"နိုင်ငံတကာဆက်ဆံရေးမူဝါဒမှာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ"ကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး (မူကြီးငါးချက်) အရ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာနေထိုင်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်သွားပါမယ်။

**လူငယ်မျိုးဆက်သစ်ကဏ္ဍ**

နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်မျိုးဆက်သစ်တွေဖြစ်ပါတယ်။ ပြည့်ဝတဲ့ပညာ၊ လက်တွေ့ပါတဲ့ အတွေ့အကြုံ၊ နိုင်ငံတကာအမြင်ရှိတဲ့ လူငယ်မျိုးဆက်သစ်တွေကို ထပ်မံမွေးထုတ်ပေးနိုင်ဖို့ အထူးလိုအပ်ပါတယ်။ အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် အမျိုးသားလုံခြုံရေး အသိရှိကြဖို့ စနစ်တကျ လေ့ကျင့်ပျိုးထောင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ခိုင်မာတိကျတဲ့ လူငယ်ရေးရာ မူဝါဒများရေးဆွဲပြီး ရေရှည်လေ့ကျင့်ပျိုးထောင်ဖို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ရှိသေလေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား–––**

ကျွန်တော်တို့ပါတီမှ ––––– မိဘပြည်သူများအပေါ် ကတိကဝတ်အာမခံပြုလိုပါသည်။

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီအနေဖြင့် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ခံရသည့် မိမိတို့ပါတီမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များမှအောက်ပါလုပ်ငန်းစဉ်များကို အာမခံကတိကဝတ်ပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

( ၁ ) ပြည်သူလူထုအပေါ် အကာအကွယ်ပေးမည့် ဥပဒေများပေါ်ပေါက်ရေးအတွက် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းမှ တတ်စွမ်းသမျှ ဥပဒေပြုတင်ပြဆောင်ရွက်သွားမည် ။

( ၂ ) ဒီမိုကရေစီဈေးကွက်စီးပွားရေးစနစ်နှင့် ဆန့်ကျင်သည့် မတရားသဖြင့် အနိုင်ကျင့် လက်ဝါးကြီးအုပ်ယှဉ်ပြိုင်မှုများနှင့် ပြည်သူလူထုအပေါ် မတရားအမြတ်ကြီးစားသွေးစုပ်နေသည့် အရင်းရှင်စီးပွားရေးလုပ်ဆောင်မှုများကို တွန်းလှန်တိုက်ဖျက်သွားမည်။

( ၃ ) တစ်ပိုင်တစ်နိုင်ရာသီသီးနှံများ စိုက်ပျိုးရောင်းချမှုအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရေးနှင့် အခွန်လွတ်ဈေးများ ပေါ်ပေါက်ရေး ဖော်ဆောင်ပေးသွားမည်။

( ၄ ) မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားမည်။

( ၅ ) မှန်ကန်သည့် တရားစီရင်ရေးစနစ် ပေါ်ပေါက်လာစေရေး အပြင် မည်သူမဆို (တရားလို၊ တရားခံ၊ တရားပြိုင်) လူ့ဂုဏ်သိက္ခာရှိစွာဖြင့် ညီညွတ်မျှတစွာ တရားစီရင်မှုခံရစေရေး ဆောင်ရွက်သွားမည်။

( ၆ ) ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးနှင့်ဖိနှိပ်မှုကို ဖြစ်စေသည့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားကြိုးနီစနစ်ဆိုးမှန်သမျှကို တိုက်ဖျက်သွားမည်။

( ၇ ) နိုင်ငံတော်ဘဏ္ဍာငွေ (ဘတ်ဂျက်)များ အလေအလွင့်မရှိစေရေးနှင့် စီမံကိန်းများ၏ အရည်အသွေးတိကျမှန်ကန်မှုရှိစေရေးကြိုးပမ်းဆောင်ရွက်သွားမည်။

( ၈ ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်။

( ၉ ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ၊ နိုင်ငံပိုင်သယံဇာတများကို အလွန်အကျွံ တူးဖော်ထုတ်လုပ်မှုများကို ကာကွယ်တားဆီးသွားမည်။

(၁၀) ပြည်သူများ မိမိတို့နေထိုင်သည့် အိမ်၊ ခြံ၊မြေများကို မိမိတို့ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရေးနှင့် မြေသိမ်းဆည်းခံရခြင်းများဖြစ်ပေါ်လာပါက နစ်နာမှုအခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်ရရှိစေရေးအတွက် ဥပဒေပြုကာကွယ်ပေးသွားမည်။

(၁၁) ငွေကြေးခနအင်အား၊ လူအင်အားဖြင့် အုပ်စုဖွဲ့အနိုင်ကျင့်မှုများ၊ မလျော်ညီဇာသုံးအနိုင်ကျင့်မှုများပပျောက်အောင်ဆောင်ရွက်ပေးမည်။

**ရှိသေလေးစားအပ်ပါသောမိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီသည် အာဏာအတွက်မဟုတ်ပါ။ ပြည်သူလူထုအကျိုးကို ဆောင်ရွက်လိုသော ဆန္ဒတစ်ခုတည်းဖြင့် လွှတ်တော်နိုင်ငံရေးကို ကြိုးစားနေကြခြင်းဖြစ်ပါတယ်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် လက်တွေ့အကောင်အထည်ဖော် ကြိုးပမ်းလုပ်ဆောင်သွားပါမယ်လို့ ဒီနေရာက အခိုင်အမာကတိပြုပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တင်ပြလိုတာကတော့ –––

ကျွန်တော်တို့ပါတီရဲ့ မူဝါဒဟာ ပြည်သူအကျိုးကို အစွမ်းကုန်အကာအကွယ်ပေးမယ်၊ အမျိုးသားအကျိုးစီးပွားကို အမြဲတမ်းဦးစားပေးပါမယ်၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေအတွက် လုံခြုံစိတ်ချရတဲ့ လူမှုပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးလုပ်ဆောင်သွားပါမယ်။

ထို့အတူ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်အများစုကို မျိုးချစ်စိတ်ရှိသူ၊ အများအကျိုးဆောင်ရွက်လိုသူ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ဖူးသူ၊ နိုင်ငံရေးနှင့် စီမံခန့်ခွဲရေးအပိုင်းတွင် ဘွဲ့ရ၊ ဘွဲ့လွန်ပညာတတ်များကို စိစစ်ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်လောင်းများရဲ့ အရည်အချင်းနဲ့လုပ်ရပ်များကို လေ့လာသုံးသပ်ပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ် မြို့ရွာများ၏ အကျိုးစီးပွားနှင့် စစ်မှန်သောအပြောင်းအလဲအတွက် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီကို ရွေးချယ်မဲပေးကြပါ၊ မိဘပြည်သူများနှင့်အတူ တိုးတက်မှုအသစ်တွေကို ဖန်တီးတည်ဆောက်ချင်ပါတယ်။ အခွင့်အရေးပေးကြပါ။ စစ်မှန်သော အပြောင်းအလဲအတွက် မိဘပြည်သူများရဲ့ ရင်ထဲကဆန္ဒမဲကို အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အမှတ်အသားဖြစ်တဲ့ " ကဒေါင်းစိမ်း" ကို မဲပေးရွေးချယ်ပေးပါလို့ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

မိဘပြည်သူများ ကျန်းမာရွှင်လန်းကြပါစေ....

**ဒို့မျှော်လင့်ချက်ပြည့်စေဖို့ မဲပေးကြစို့**

V 1

- ကဒေါင်းစိမ်းလာပြီဗျို ပြည်သူများအတွက် စိတ်အေးချမ်းသာ
- ဒို့မြန်မာပြည် နိုင်ငံတစ်လွှား ထင်ပေါ်ထွန်းတောက်နေမင်းကြီးပမာ
- ဦးဦး ဒေါ်ဒေါ် ကိုကို မမ မဲပေးကြပါ
- ကျေးလက်တောရွာ နေရာအနှံ့မကျန် တိုးတက်ရမှာ
- တစ်သားတည်း တန်းတူအခွင့်အရေးရဖို့ –– မဲထည့်ကြပါ
- ဒို့မြို့ ဒို့ရွာ သာယာဖို့အတွက် .. မဲပေးကြပါ
- ဒို့မျှော်လင့်ချက် ပြည့်စေဖို့အတွက်
- အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီကို––––
- မဲပေးကြစို့။

V 2

- ဒို့နိုင်ငံ ပြည်သူများအတွက် မျှော်ကာရွယ်ရည်
- ပြည်သူ့ဘဝ အေးချမ်းဖို့အတွက် ...NIDP
- ပညာရေး ကျန်းမာရေးကို ဦးထိပ်ပန်ဆင်
- လူမှုရေးစီးပွားအရေးအတွက် ...NIDP
- စိတ်ကူးမလွဲကြနဲ့ အနာဂတ်ရှေ့ခရီးအတွက်
- အမြန်သာလာပါအမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီကို
- မဲပေးကြစို့.......။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

◆ **ရှေ့ဖုံးမှအဆက်**

သက်ဆိုင်ရာ မြို့နယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများအား ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

(ခ) သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီအတွင်း သွားရောက်မဲပေးနိုင်ပါသည်။

၂။ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် မိမိတို့ ကိုင်ဆောင်သည့် နိုင်ငံရေးစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”**
**“လွတ်လပ်မျှတ၊ မဲပေးကြ”**

**→ကျောဖုံးမှအဆက်**

ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေ နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant (Counsellor Affairs) Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Damir Akhmetov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့- မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၄၀ ဦး၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင်ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီစနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဖျာပုံမြို့နယ်အတွင်း နွေစပါး စိုက်ပျိုးရာသီကာလ ရေချိုဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းသွားနိုင်ရေး၊ မိုးရာသီကာလ ဒီရေတက်သည့်အချိန် ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရေးစီမံဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် တာဝန်ရှိသူများကိုတွေ့ဆုံ၍ ဖျာပုံမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီကာလတွင် ရေချိုဆုံးရှုံးမှုမရှိစေရေးနှင့် မိုးရာသီကာလ ဒီရေတက်ချိန်တွင် ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရေးဆိုင်ရာလုပ်ငန်းရပ်များကို ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် တာဝန်ရှိသူများက ဖျာပုံမြို့နယ်ရှိ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း ဆားငန်ရေဝင်ရောက်သည့်ဧရိယာများ ရေချိုရရှိနိုင်မှုအခြေအနေ၊ နှစ်စဉ်ဧက ၆၀၀၀ ခန့် အများဆုံးစိုက်ပျိုးနိုင်ရာမှ ယခုလာမည့်နှစ်အတွင်း ဧက ၁၉၀၀၀ ခန့်အထိတိုးတက် စိုက်ပျိုးနိုင်ရန်ဆောင်ရွက်ထားရှိမှု၊ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ဧက ၄၀ ဖော်ထုတ်ပြီးစီးခဲ့မှုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း နွေသီးထပ်တိုးတက်စိုက်ပျိုးနိုင်ရေးအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ကျွန်းပတ်တာလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ဒီဇိုင်းပုံစံများအတိုင်းစနစ်တကျဆောင်ရွက်ရန်၊ နွေသီးထပ်ကို ရာသီအမီလျာထားကေပြည့်စိုက်ပျိုးပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖျာပုံမြို့နယ် သပြေကန်-သိမ်ကုန်းဧရိယာ အေးသာယာကျေးရွာအုပ်စုအတွင်း တူးဖော်ဆောင်ရွက်မည့် အေးသာယာ (၂)မြောင်းနေရာကို ကြည့်ရှုစစ်ဆေးပြီး ရေချိုဝင်ရောက်သည့် ရေအမြင့်(RL)၊ တူးဖော်ရန်လိုအပ်သည့် မြောင်းကြမ်းပြင်အနက် (RL) တို့ကို ချိတ်ဆက်မိစေရန်၊ သတ်မှတ်ရေစီးနှုန်းပမာဏရရှိစေရေးအလေးထားဆောင်ရွက်ရန်၊ ရေချိုပိုမိုရရှိလာနိုင်မှုအရ သီးနှံစိုက်ဧရိယာတိုးတက်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကြက်ဖမွေးဇောင်းကျွန်းပတ်တာသို့ ရေချိုပေးဝေလျက်ရှိသည့် နောင်တော်ကြီး-သိန္ဓိမြောင်းပေါ်တွင် တည်ဆောက်ထားသော သကံရေတံခါးပြုပြင်ဆောင်ရွက်နေမှု (၆ ပေ x ၆ ပေ) ရေတံခါးခြောက်ချပ် ပြန်လည်ပြုပြင်မည့်အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဖျာပုံမြို့နယ် နောင်တော်ကြီးကျေးရွာအနီး နောင်တော်ကြီး ဆိုလာရေတင်စီမံကိန်းဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ယခုစီမံကိန်းအောင်မြင်မှုအပေါ်အခြေခံပြီး ဆိုလာစနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည်ဒေသခံတောင်သူများအားတွေ့ဆုံ၍ အထွက်နှုန်းတိုးတက်ရရှိရေးနှင့် မျိုးစပါးကေတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့်ဒုတိယဝန်ကြီးသည်မအူပင်မြို့နယ် မင်းဘောကျေးရွာအနီး မင်းဘောဆိုလာရေတင်ဆောင်ရွက်ထားရှိမှုနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်ရန် လျာထားနေရာကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်နိုင်ရေးလုပ်ငန်းများကြိုတင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၂-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | ၄၅၀၅ | ၂၉၇၀ | ၂၆၉၅ | ၂၉၂၅ | ၂၇၆၅ | ၂၇၃၀ | ၂၇၅၅ | ၃၀၁၀ |
| 95 Ron | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၅၅ | ၄၅၆၀ | ၃၀၅၀ | ၂၇၇၅ | ၃၀၁၀ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (500 ppm) | ၂၅၁၀ | ၂၆၂၀ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | - | ၂၈၇၅ | ၂၅၉၅ | ၃၂၆၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | ၄၈၃၀ | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | - | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၅၀ | ၂၅၃၃ |
| 95 Ron | ၂၅၂၆ | ၂၆၁၁ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၈၇၅ | ၂၉၆၂ |
| HSD (10 ppm) | ၂၈၇၅ | ၂၉၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၃˚c |
| ရန်ကုန် | ၂၄˚c | / | ၃၃˚c |
| မန္တလေး | ၂၀˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအားကစားဖိုရမ်သို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်စိုးနှင့်အတူ နိုဝင်ဘာလ ၅ ရက်မှ ၇ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၅ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပခဲ့သည့် First Asian Cooperation Dialouge Ministerial Meeting on Sports သို့ တက်ရောက်ခဲ့ပြီး **"ရုရှားနိုင်ငံဆိုင်ရာ အားကစားဖိုရမ်"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **"အမျိုးသားအားကစား၏ အနာဂတ် - ရိုးရာဓလေ့ကို ပြန်လည်ထုတ်ဖော်ပြသခြင်း"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **"လူထုအားကစားတွင် ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းများမှတစ်ဆင့် နိုင်ငံတကာ အားကစားစီမံကိန်းများအထိ"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **"ဘောလုံး၏ အနာဂတ်: ၂၀၃၀ ခုနှစ်တွင် ရုရှားပရီးမီးယားလိဂ်အတွက် မဟာဗျူဟာ လမ်းညွှန်ချက်များ"** ခေါင်းစဉ်ဖြင့်လည်းကောင်း နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးခဲ့သည်။




နိုဝင်ဘာလ ၅ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး Alexander Nikitin နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့အားကစား အောင်မြင်ရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချွန်လွှာနှင့် ပတ်သက်၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တော်ဝန်နှင့်တွေ့ဆုံခဲ့၍မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ အားကစားဝန်ကြီး Siarhei Kavalchuk နှင့် တွေ့ဆုံခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ်မှ စတင်၍ MoU နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာအရ ဘယ်လာရုစ်နိုင်ငံမှပြေးခုန်ပစ်၊ သေနတ်ပစ်၊ ကနူးကယက်လှေ၊ အနောက်တိုင်းလှေ၊ ဆာလော်လွှမ်လှေ နည်းပြများ မြန်မာနိုင်ငံသို့ စေလွှတ်ပေးနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကာဇက်စတန်နိုင်ငံ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး Yerbol Myrzabosynov နှင့်တွေ့ဆုံ၍ လက်ဝှေ့အားကစားနည်းနှင့် နပန်းအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပြများရရှိစေရေးကို ကူညီဆောင်ရွက်ပေးရန် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်နိုဝင်ဘာလ ၆ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပသည့် XIII International Sports Forum "Russia: Country of Sports, Plenary Session" (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့တက်ရောက်ခဲ့ပြီး အာရှပူးပေါင်းဆောင်ရွက်ရေး (ACD) အဖွဲ့ဝင်နိုင်ငံများမှ အားကစားဝန်ကြီးများနှင့် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက **"အားကစားမြှင့်တင်ရေးအစဉ်အလာမှ ဆန်းသစ်တီထွင်မှုသို့ – ACD နိုင်ငံများရှိ အားကစား၏အနာဂတ်"** ဆောင်ပုဒ်ဖြင့် ACD အဖွဲ့ဝင်နိုင်ငံများအကြား အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသုံးစွဲမှုနှင့် လူငယ်အားကစားသမားများကို အားပေးမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားကဏ္ဍတွင် နိုင်ငံတကာဆိုင်ရာဆန်းသစ်တီထွင်မှုများကို လက်တွေ့အသုံးချနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Palace of Sports ပြတိုက်သို့ သွားရောက်လေ့လာခဲ့ပြီး ပြတိုက်အတွင်းရှိ အားကစားပစ္စည်းနှင့် အဆောက်အအုံများကို လေ့လာသုံးသပ်ကာ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြိုင်ပွဲစီမံခန့်ခွဲမှုတွင် အသုံးချနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ အားကစားသမားများ၏လေ့ကျင့်မှုလုံခြုံရေးနှင့် နည်းပညာအသုံးချမှုဆိုင်ရာ အကောင်းဆုံးနည်းဗျူဟာများကို စူးစမ်းလေ့လာပြီး လိုအပ်သည့်အကြံဉာဏ်များကိုလည်းကောင်း ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ခဲ့ပြီး Samara မြို့ရှိ Vysotsky အားကစားနန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အားကစားဝန်ကြီး ဦးဆောင်၍ **"အနာဂတ်အတွက်အားကစား အတူတကွ အနိုင်ရရှိခြင်း"** မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်၍ အားကစားကဏ္ဍတွင် နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှု၊ လူငယ်အားကစားသမားများ တိုးတက်စွမ်းဆောင်နိုင်ရေးနှင့် နည်းပညာအသုံးချမှုများ ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် အကြံဉာဏ်များကို ဖော်ပြသုံးသပ်ဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံရှိ လူငယ်များနှင့် လက်ရွေးစင်အားကစားသမားများအနေဖြင့် အားကစားကဏ္ဍအလိုက် လေ့ကျင့်နေမှုအခြေအနေများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ရုရှား-မြန်မာအားကစားနှင့်လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပေါင်း ၅၁ နိုင်ငံမှကိုယ်စားလှယ်များနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၇ ရက် မွန်းလွဲပိုင်းတွင် Samara မြို့၌ ကျင်းပခဲ့သည့် Memorial Parade စစ်ရေးပြအခမ်းအနားကိုတက်ရောက်ခဲ့ပြီး နိုဝင်ဘာလ ၈ ရက်တွင် Samara မြို့မှ မော်စကိုမြို့၊ မော်စကိုမြို့မှ ဒူဘိုင်းမြို့၊ ဒူဘိုင်းမြို့မှ ဘန်ကောက်မြို့၊ ဘန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုဝင်ဘာလ ၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း) တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူ

ထားဝယ် နိုဝင်ဘာ ၁၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း)တို့၌ (ပထမနှစ်)ဝိဇ္ဇာ၊ သိပ္ပံသင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတော်အကြီးအကဲများက မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသနှင့် ဝေးလံခေါင်ဖျားသော နေရာဒေသတွင် ရှိသည့် လူငယ်လူရွယ်များကို မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန်၊ ပညာရှင်များပေါ်ထွန်းလာစေရန်၊ ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဖွားတိုင်းရင်းသားပေါင်းစုံတက်ရောက်သော ကျောင်းတော်ကြီးဖြစ်သည့်အတွက် စုပေါင်းနေထိုင်သည့်အခါတွင်လည်း ညီအစ်ကိုမောင်နှမသဖွယ် ချစ်ခင်ရင်းနှီးစွာပေါင်းစပ်နေထိုင်ပြီး မိမိရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကို ချီးမြှင့်ငွေများပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ညနေပိုင်းတွင်တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ် အောက်ပြေးခုန်ပစ် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ကျင်းပရာ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် မီတာ ၄၀၀×၄ လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများကပြိုင်ပွဲတစ်လျှောက်ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့ကို ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဆုရရှိသူများနှင့် မီတာ ၄၀၀×၄ လက်ဆင့်ကမ်းအမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသော အသင်းများကို တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ ခု၊ ကြေးတစ်ခုဖြင့် ပထမဆုရရှိသော ကော့သောင်းမြို့နယ်အသင်းနှင့်အမျိုးသားပြိုင်ပွဲများတွင် ရွှေတံဆိပ်ခုနစ်ခု၊ ငွေသုံးခုဖြင့် ပထမဆုရရှိသော သရက်ချောင်းမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဘရာဇီးနိုင်ငံ၏ (၂၀၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်



ရန်ကုန် နိုဝင်ဘာ ၁၁

ဘရာဇီးနိုင်ငံ၏ (၂၀၃)ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီးနေအိမ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E.Mr. Gustavo Rocha de Meneses နှင့် တာဝန်ရှိသူများက ညှော်ခံပွဲအခမ်းအနားသို့တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ညှော်သည်တော်များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘရာဇီးနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့်ဆုတောင်းစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ညှော်ခံပွဲသို့တက်ရောက်လာသော ညှော်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန်ဦးဗိုလ်ငွေ၊ ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အိန္ဒိယသမ္မတနိုင်ငံ NISG မှ နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် အိန္ဒိယသမ္မတနိုင်ငံ National Institute for Smart Government (NISG) မှ Advisor Technology & Consulting Mr. Sanjeev Bhatia နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ Digital Identity အတွက် ရွေ့ပြောင်းစီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ (MoU) အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ အိန္ဒိယနိုင်ငံ၏ နည်းပညာဆိုင်ရာအတွေ့အကြုံကောင်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသည့် e-ID စနစ်နှင့် အိန္ဒိယနိုင်ငံ၌ ဆောင်ရွက်နေသည့် MOSIP Platform တို့ ပေါင်းစပ်အသုံးပြုကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး အခြေအနေ၊ မြန်မာနိုင်ငံ၏ e-ID စနစ်သည် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် ရွေ့ပြောင်းစီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းနှင့် ယခုရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ NISG မှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့သည် MoU အရ မြန်မာနိုင်ငံ၏ Digital ID ရွေ့ပြောင်းစီမံကိန်းပူးပေါင်းဆောင်ရွက်မှုအဖြစ် နိုဝင်ဘာလ ၁၁ ရက်မှ ၁၉ ရက်အထိ နည်းပညာဆိုင်ရာ လိုအပ်သည့် စမ်းသပ်ချိတ်ဆက်မှုများကို ဝန်ကြီးဌာနမှ နည်းပညာဆိုင်ရာအရာရှိများနှင့်ပူးပေါင်းကာ အတွေ့အကြုံဖလှယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးငွေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲဆုချီးမြှင့်



ဘားအံ နိုဝင်ဘာ ၁၁

နှစ်(၇၀)ပြည့်ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲတွင် ဒုံးအဖွဲ့ ၂၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဘားအံမြို့ သီရိကွင်းဒုံးစင်မြင့်၌ ကျင်းပသည်။

ဦးစွာ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့များက ဒုံးအကများဖြင့် ဖျော်ဖြေကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ဒိုင်အဖွဲ့ဂုဏ်ပြုဆုနှင့် ဆုရရှိသည့်ဒုံးအဖွဲ့များကို ဂုဏ်ပြုဆုများ၊ ငွေသားနှင့်တံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ရာစုညာဆုတောင်းတေး ပထမဆုရရှိသော မြဝတီခရိုင်ယဉ်ကျေးမှုဒုံးအဖွဲ့၊ ဒုံးအကဘက်စုံပထမဆုနှင့် ဒုံးအကဘက်စုံတံခွန်စိုက်ဆုရရှိသော သင်းပျံ့ပွင့်လန်းနယ်စပ်ပန်း ရွှေကုက္ကိုလ်မြိုင်ယဉ်ကျေးမှုဒုံးအဖွဲ့တို့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နှစ်(၇၀)ပြည့်ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို ပြပွဲ၊ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုင်ငံကျော်တေးသံရှင် ဟဲလေး၊ Dဖြိုး၊ ဂေးဂေးတို့နှင့်အတူ ဒေသခံကရင်တိုင်းရင်းသားတေးသံရှင်များ ပါဝင်သော စင်တင်တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် Precision Auto Engineering Co.,Ltd. ၏ သုံးဘီးနည်းပညာဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းသင်တန်းဆင်းပွဲကို ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး လူငယ်စင်တာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား ”** အစီအစဉ်မှ **“အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရေဝတီတံတား(ရတနာသိဂ်)”** ခေါင်းစဉ်ဖြင့် ၁၂-၁၁-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၉-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၁၁-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ပဲခူးတိုင်းဒေသကြီးသို့ ကွင်းဆင်းဆောင်ရွက်

နေပြည်တော်    နိုဝင်ဘာ    ၁၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် ဒေသတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း၊ Pipeline အတွင်းရှိစီမံချက်များနှင့် အလားအလာများ၊ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်မှု၊ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ပိုမိုမြန်ဆန်ချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာအဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသည့် အကူအညီအထောက်အပံ့လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကိုဗစ်-၁၉ ရန်ပုံငွေမှ ခွင့်ပြုထုတ်ချေးငွေများ ပြန်လည်ကောက်ခံရရှိရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးသည် တိုးတက်မှုကောင်းမွန်ပြီး နိုင်ငံ၏ GDP ကို ဦးဆောင်လျက်ရှိသည့် တိုင်းဒေသကြီးများထဲမှတစ်ခုဖြစ်ကြောင်း၊ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဈေးကွက်ရှိသည့်ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ ဒေသအလိုက်ရင်းနှီးမြှုပ်နှံမှုအလားအလာတိုးမြှင့်ရေး၊ MSMEs ဖွံ့ဖြိုးမှုနှင့်စီးပွားရေးကဏ္ဍပိုမိုအားကောင်းရေးတို့အတွက်လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ AI အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ စံချိန်စံညွှန်းပြည့်မီသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Business Model မှန်ကန်အောင်ဆောင်ရွက်၍ ရင်းနှီးမြှုပ်နှံမှုစဉ်ဆက်မပြတ်တိုးတက်မှုရှိသည့် စီးပွားရေးဝန်းကျင်ကောင်းဖြစ်လာစေရန်၊ သဘာဝဝန်းကျင်နှင့် ကိုက်ညီသည့်လုပ်ငန်းများဖြစ်လာစေရန်နှင့် ကောင်းမွန်သည့်ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ်ထားရှိဆောင်ရွက်ရန် ပြောကြားသည်။



ယင်းနောက် တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် အလုပ်သမားဝန်ထမ်းပေါင်း ၁၈၀၀ နှင့်ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့ ဥသ္သာမြို့သစ်ရှိ MYANSTAR GARMENT Co.,Ltd. ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှတာဝန်ရှိသူများက လုပ်ငန်းလည်ပတ်နေသည့်အခြေအနေ၊ ဈေးကွက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေး၊ နည်းပညာလွှဲပြောင်းရရှိရေး၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေးနှင့် ဒေသခံပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

# ပညာရေးဝန်ကြီးဌာန ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ





နေပြည်တော်    နိုဝင်ဘာ    ၁၁

ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူးများ)၊ ကျောင်းအုပ်ကြီးများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ဦးစီးဌာနအသီးသီးမှ အရာထမ်းများက သုတေသနအခြေပြုဆုံးဖြတ်ချက်များ၏ အရေးပါမှုများကို သိရှိနားလည်ပြီး ပိုမိုမြှင့်တင်ဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များတွင် သုတေသနတွေ့ရှိချက်များကို ထဲထဲဝင်ဝင် အသုံးပြုဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့်ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေပြီး မိမိတွေ့ရှိချက်များကို အခြားဦးစီးဌာနများမှ တွေ့ရှိချက်များနှင့် မျှဝေနိုင်သည်ဖြစ်၍အကြံပြုချက်များ များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက "စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားနေသည့် အခြေခံပညာကျောင်းများတွင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာဘာသာရပ်များကိုသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုအပေါ် သဘောထားအမြင် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက "အခြေခံပညာအထက်တန်းအဆင့် သင်ရိုးသစ်အကောင်အထည်ဖော်မှုအခြေအနေကို ဆန်းစစ်လေ့လာသည့် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက "အခြေခံပညာကျောင်းများရှိ ကျောင်းသားများ၏ တန်းစဉ်ကူးပြောင်းနှုန်း (Transition Rate) လျော့နည်းရသည့်အကြောင်းရင်းကိုလေ့လာဆန်းစစ်သည့် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြရာ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းပြီး ဆွေးနွေးမှုများဆောင်ရွက်ကြသည်။

ထို့နောက် ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြဝတီ**

# (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ကာယ ဉာဏပြိုင်ပွဲများကျင်းပ

ရန်ကုန်   နိုဝင်ဘာ   ၁၁

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် ကာယ၊ ဉာဏပြိုင်ပွဲများကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက် အလုံလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အိအိမွန်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက ဉာဏပြိုင်ပွဲများဖြစ်သော ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများ၊ ကာယပြိုင်ပွဲများဖြစ်သော ခါးလှည့်ကွင်း Team Work ပြိုင်ပွဲ၊ ပူဖောင်း Team Work ပြိုင်ပွဲ၊ ခွက်ကောက်ပြိုင်ပွဲများကိုယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ယောရော(ပြန်/ဆက်)**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော်   နိုဝင်ဘာ   ၁၁

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Plan underway to grow more than 52,000 acres of chickpea in Budalin Township this year



BUDALIN November 11

Local authorities earmarked cultivation of more than 52,000 acres of chickpea in Budalin Township of Sagaing Region during coming cold season this year, according to the Township Agriculture Department.

For the 2025-2026 winter crop season, a total of 52,110 acres of chickpea are planned for cultivation in Budalin Township. The cultivation will take place from October to December this year, according to reports.

"This year, Budalin Township plans to cultivate over 52,000 acres of chickpea during the upcoming winter crop season. We will ensure that the full target acreage is achieved. Chickpea cultivation has been improving year by year. To enhance productivity and quality, we will cooperate with farmers to provide quality and pure seeds, necessary inputs, and post-harvest technologies," said U Phyo Wai, Head of the Budalin Township Department of Agriculture.

The chickpea varieties Yezin-8 and Yezin-11 are well-suited to the local climate and have high yield potential, are mainly chosen for cultivation. The cost of cultivating one acre of chickpea is around Ks-300,000.

During this winter crop season, efforts are being made in cooperation with farmers to provide quality seeds, necessary inputs, and post-harvest techniques to improve both yield and quality of pulses. In addition, awareness campaigns are being conducted to encourage farmers to apply beneficial microorganisms such as Trichoderma during the pulse cultivation period.

Sagaing Region is the largest pulse-producing region in the country, cultivating the widest area of various pulse crops. Pulses are grown as major crops as well as in mixed and intercropping systems, making them an important source of income for farmers. **SK**

# Kanbalu District to plant more than 11,000 acres of canola and niger in coming cold season

KANBALU November 11

Statistics of Kanbalu District Agriculture Department stated that local authorities have earmarked cultivation of more than 11,000 acres of canola and niger as cold season crops in Kanbalu District of Sagaing Region this year.

For the 2025–2026 winter crop season, a total of 11,820 acres of canola and niger (flowering sesame) are planned for cultivation in Kanbalu District. The cultivation period will run from October to December this year, according to reports.

By township, the planned cultivation areas for the 2025–2026 winter crop season are as follows: 563 acres of canola and 5,558 acres of niger in Kanbalu Township, and 357 acres of canola and 5,342 acres of niger in Kyunhla Township — making a total of 11,820 acres across the district.

Canola and niger are regularly cultivated each year in Kanbalu District, while in Sagaing Region as a whole, the majority of canola and niger cultivation is carried out in Kanbalu and Kawlin areas. **SMK**

# Businesspersons from Dedaye Township send large volume of squids to Yangon market



DEDAYE November 11

Local merchants from Dedaye Township of Ayeyawady Region shipped 60,000 viss of squids to Yangon market said Daw Moe Moe Aye, the owner of fishery product trading depot in Dedaye Township.

In Dedaye Township, about 60,000 viss of dried squids were sold and transported to the Yangon market. The rise in exports was due to stronger domestic demand for squids in the Yangon market.

"From Dedaye Township, we've been exporting not only other marine products but also a greater volume of squids. In the past month alone, we managed to sell and transport up to 60,000 viss of squids. Since buyers were placing more orders for fresh squids, we supplied and sold them to Yangon. With this increase in exports, those involved in the fishery sector are doing well. Apart from other seafood, we mainly export dried fish and squids from this area to Yangon, and the overall trade process is going smoothly," said Daw Moe Moe Aye.

Seafood traders from Dedaye Township buy squids, dry them properly, and mainly export the dried squids to the Yangon market, where they fetch up to Ks-25,500 per viss. **SK**

# Kalewa Township plans to grow over 6,000 acres of winter sunflowers

KALEWA November 11

A total of 6,753 acres of sunflowers will be planted in this year winter crops planting season in Kalewa Township, Kale District, Sagaing Region, according to the statistics of the Department of Agriculture for Kalewa Township.

During the upcoming 2025-2026 winter crops planting season, 6,753 acres of winter sunflowers will be planted in Kalewa Township, and the planting will start from October this year and continue until December.

"We will work to achieve the target acres. We will expand the cultivation of sunflower, an oil crop, to reduce the amount of palm oil imported from abroad. Sunflower, an oil crop, has a higher oil yield per acre than other peanuts and sesame. Sunflower is only planted in the winter," said U Myo Naing, head of the Department of Agriculture for Kalewa Township.

In order to expand sunflower cultivation in Kalewa Township, the Township Agriculture Department will intensify educational training and will conduct training courses to improve the performance of staff and farmers who will plant sunflower. **SMK**

# Plan underway to cultivate more than 1,000 acres of pulses and beans in Ngayokkaung



NGAPUTAW November 11

Local authorities in Ngaputaw Township of Ayeyawady Region have earmarked cultivation of 1,073 acres of pulses and beans in Ngayokkaung of Ngaputaw Township in coming cold season, said U Hsan Win, the Head of Ngaputaw Township Agriculture Department.

During this year's winter crop season, a total of 1,073 acres of various types of pulses will be cultivated in Ngayokkaung town starting from the third week of October. It is learned that local farmers, together with the Department of Agriculture, are collaborating to ensure systematic and smooth cultivation without difficulties.

"In Ngayokkaung, 1,073 acres of different pulse crops will be planted this winter season. The department has made the necessary preparations to meet the target acreage. We are working in cooperation with local farmers and relevant departments to ensure that the planned winter crops, including pulses, are fully cultivated. Among the pulse crops, Bokade (cowpea) will be the main crop grown. We are also providing support to ensure successful growth and good yields," said U Hsan Win, Head of the Department of Agriculture in Ngaputaw Township.

Among the 1,073 acres of pulses to be cultivated in Ngayokkaung this winter season, 153 acres will be green gram, 716 acres will be Bokade (cowpea), and 204 acres will be black gram. To enable farmers to cultivate these crops without difficulties, agricultural inputs and farming loans are being provided in accordance with set rules and regulations. The Department of Agriculture and local farmers are also working together to prevent pest infestations and ensure good yields after cultivation.

**SMK**

# Authorities earmark cultivation of over 8,000 acres of maize and sweet corns in Myinmu Township

MYINMU November 11

Statistics of Sagaing District Agriculture Department stated that local authorities have earmarked cultivation of more than 8,000 acres of maize and sweet corns as cold season crops in Myinmu Township of Sagaing Region this year.

During the 2025–2026 winter crop season, Myinmu Township has planned to cultivate 2,192 acres of maize and 6,347 acres of corn for consumption, totaling 8,539 acres. The cultivation period will run from October to December this year, according to reports.

"This year, Myinmu Township plans to grow over 8,000 acres of maize and corn for consumption during the coming winter crop season. We are working to achieve full implementation of the planned acreage. At present, maize cultivation has already exceeded the targeted acreage. To ensure successful maize production, we are conducting awareness activities and educating farmers on pest and disease prevention," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

This year, the Myinmu Township Agriculture Department is providing training courses and demonstration field shows for farmers engaged in maize and corn cultivation. It is also conducting awareness programmes on preventive measures against the fall armyworm, integrated pest management, and the proper use of pesticides and insecticides for crops such as maize, ginger, and chili.

**SK**

# Pwintbyu Township to grow more than 2,000 acres of kitchen crops this year

PWINTBYU November 11

Statistics of Pwintbyu Township Agriculture Department stated that local authorities have earmarked cultivation of 2,438 acres of kitchen crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 2,438 acres of kitchen crops are planned to be cultivated during this year's winter crop season. The cultivation is scheduled to begin in November. To ensure that farmers can grow these crops smoothly without difficulties, the Township Department of Agriculture, in collaboration with relevant departments, will provide necessary technical assistance and quality seeds.

"This year, we plan to cultivate 2,438 acres of kitchen crops in Pwintbyu Township during the winter crop season. To promote crop expansion, achieve higher yields, ensure the production of healthy crops, prevent pest and disease infestations, and enable farmers to use quality and pure seeds as well as follow GAP (Good Agricultural Practices) methods, the Department of Agriculture will conduct field supervision and provide agricultural knowledge-sharing activities," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

In this year's winter crop season, kitchen crops to be grown in Pwintbyu Township include eggplant, ridge gourd, cauliflower, green mustard, radish, long bean, water spinach, bottle gourd, cucumber, pumpkin, chilli, onion, and garlic. Departmental staff will work together with farmers to ensure the success of these crops.

If kitchen crops are cultivated successfully with improved yields, they will not only meet local consumption needs but also generate surplus produce for sale. This will help increase farmers' income and enhance their socioeconomic well-being, Daw Moe Moe Wai added.

**SK**

# More than 4,000 acres of sugarcane planted in Shwebo District

SHWEBO November 11

This year's statistics of Shwebo District Agriculture Department stated that local farmers have planted more than 4,000 acres of sugarcane as monsoon crops in Shwebo District of Sagaing Region.

For the 2025-2026 monsoon crop season, Shwebo District has planned to cultivate 6,509 acres of sugarcane. Planting began in May this year, and as of today, 4,472 acres have already been planted—4,111 acres in KhinU Township and 361 acres in Wetlet Township.

The planned sugarcane acreage for the 2025–2026 monsoon season in Shwebo District is allocated as follows: 75 acres in Shwebo Township, 4,551 acres in KhinU Township, 361 acres in Wetlet Township, and 1,522 acres in Kyaukmyoung Sub-Township—making a total of 6,509 acres.

Sugarcane cultivation in Sagaing Region takes place in Shwebo, Kanbalu, and Katha districts, with Kanbalu and Katha districts having the largest cultivation areas.

Farmers need to cost Ks-600,000 or Ks-700,000 per acre of growing sugarcane in Shwebo District, yielding 30 tons of sugarcane. Local farmers prefer to grow K-95/84, Nawade-4, Phawmoza and Shinshweli strains of sugarcane. They grow the crops in irrigated areas as well as rainfed areas.



**SMK**

# Russia-led nuclear plant construction to allow Kazakhstan complete full nuclear fuel cycle



MOSCOW November 11

Kazakh President Kassym-Jomart Tokayev believes that the construction of the country's first nuclear power plant, led by Russia's Rosatom, would allow the republic to complete the full nuclear fuel cycle, from uranium mining to electricity production.

"The energy sector occupies a special place in our cooperation. Through joint efforts, we ensure the uninterrupted transit of Russian energy resources to China and Central Asian countries. We are building and modernizing large energy facilities. Here, undoubtedly, the anchor project will be the construction of the first nuclear power plant in Kazakhstan with the participation of an international consortium led by Rosatom. The construction of the nuclear power plant will allow our country to complete the full nuclear fuel cycle, from uranium mining to electricity production," Kazakh President Kassym-Jomart Tokayev said in an article for the Russian media.

The head of the republic noted that the project would also open up new prospects for technology transfer, training of specialists, creation of new jobs, and the development of related industries, including such as machine and instrument manufacturing.

**Sputnik**

# Former Istanbul mayor charged with 142 crimes, faces up to 2,352 yrs in prison

ISTANBUL November 11

Former Istanbul Mayor Ekrem Imamoglu, jailed since March, faces up to 2,352 years in prison on 142 criminal charges, including leading a criminal organization, bribery, money laundering, and fraud, authorities announced on Tuesday.

The indictment, prepared by the Istanbul Chief Public Prosecutor's Office and announced by Istanbul Chief Public Prosecutor Akin Gurlek at a press conference, accuses Imamoglu of 142 criminal acts. According to the indictment, "the total public loss is estimated at 160 billion Turkish liras (3.8 billion U.S. dollars) and 24 million U.S. dollars."

The prosecution seeks a prison sentence ranging from 828 to 2,352 years.

Imamoglu, who was re-elected for a second term as mayor of Istanbul in the 2024 local elections, defeated Murat Kurum, a candidate from the ruling Justice and Development Party. The victory further solidified his position as one of the most prominent figures in Türkiye's opposition politics.

In March, the Republican People's Party, the main opposition party, officially nominated Imamoglu as its presidential candidate, positioning him as the primary rival to President Recep Tayyip Erdogan in the upcoming 2028 presidential elections.

The indictment and ongoing legal proceedings have added a layer of political tension ahead of the presidential elections, with Imamoglu denouncing the charges as politically motivated and denying all the accusations.

**Xinhua**

# Iran to launch 3 satellites in early winter - Space Agency



TEHRAN November 11

Iran will launch three satellites — Zafar, Paya and Kowsar — in early winter, Hassan Salarieh, the head of the Iranian Space Agency, said on Monday.

"These satellites are being prepared for launch, which is expected to take place in early winter," Salarieh was quoted as saying by Iranian news agency ISNA.

The Salmas satellite ground station will open in the coming weeks, followed by the Chenaran satellite ground station, he said.

In August, Salarieh said that Iran would launch about 20 communication satellites into orbit in 2026 to form a constellation called Shahid Soleimani. It aims to provide the internet of things services. If successful, Iran will improve its satellite telecommunication systems.

According to the state plan, the key prototypes of the system's satellites will be launched into orbit in late winter 2026. According to the space agency, their design and assembly by public and private companies began in the spring of 2025.

**Sputnik**

# 12 killed in suicide blast outside courts in Pakistani capital

ISLAMABAD November 11

At least 12 people were killed and 27 others injured on Tuesday afternoon in a suicide blast outside the district courts in Pakistan's capital Islamabad, Interior Minister Mohsin Naqvi told lolcal media.

Naqvi said at the explosion site that a suicide bomber exploded his explosive-laden jacket in front of the Judicial Complex, which houses several district courts.

Police and rescue teams immediately reached the site and shifted the bodies and the injured to the Pakistan Institute of Medical Sciences.

An official from the media wing of Islamabad Police told Xinhua that the death toll could rise as some of the injured were in critical condition.

According to the initial investigation report, the bomber wanted to enter the Judicial Complex, but did not attempt to pass through the strict security checking process and finally attacked a police vehicle outside the complex.

Following the explosion, several vehicles caught fire and some others were damaged by the impact.

Police said that the body parts of the suicide bomber were recovered from the site, adding that forensic teams had launched the process of identifying the attacker.

The district administration has evacuated the court premises, while security departments have launched a search operation in the area.

A lawyer, Malik Khalid Khan, who was present inside the Judicial Complex at the time, told Xinhua that the attack occurred during the court's break hours when several people went outside.

No group has yet claimed responsibility for the attack. However, security sources told Xinhua that the deadly act appeared to have been carried out by the banned outfit Tehreek-e-Taliban Pakistan (TTP) operating from Afghanistan.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# How to take care of an EV battery

To keep your electric vehicle (EV) in good condition and performing well, it’s important to take care of its battery. This means making sure the battery stays healthy over time. The battery is the main component of an electric vehicle. It stores and supplies the energy necessary to operate the electric vehicle.

By following a few simple guidelines, you can increase the health, lifespan and efficiency of your EV battery. This article will discuss the top tips for taking care of your EV battery.

**Maintain optimal charging habits**

Proper charging habits play a significant role in extending the life of an EV battery.

Here are some key points to consider:







Avoid frequently completely emptying your electric vehicle. Modern lithium-ion electric car batteries do not require to be completely empty before recharging to maintain their health. In fact, completely draining the battery can be detrimental to the battery’s lifespan. It is recommended to keep your battery percentage between 20 percent and 80 percent for regular daily driving.

Avoid leaving your electric vehicle in high or low states of charge if you are not using your EV for an extended amount of time. This can also degrade the battery’s capacity over time. If you’re planning on not using your EV for an extended period of time, it is advisable to store the electric car battery with a charge level between 40 percent and 60 percent.

Utilise your charging schedule: Many electric vehicles and charge points allow you to schedule your charging time. Taking advantage of this feature and EV-friendly tariffs allows you to charge your electric vehicle during off-peak hours when electricity prices are lower. Although this does not directly help your electric vehicle battery health, it does help to keep your charging cost low. Furthermore, charging your electric vehicle during off-peak hours reduces strain on the electrical grid and the use of fossil fuels.

Be mindful of the temperature.

Temperature plays an important role in the performance and longevity of an EV battery. Extreme heat or cold can adversely affect an electric car’s battery capacity and overall health.

Here’s what you need to know:

Try to avoid exposing the battery to excessively high temperatures: Extended exposure to high temperatures while charging your electric vehicle, such as parking your EV in direct sunlight on a hot day, can accelerate the degradation of the battery. Charge your vehicle in shaded areas or garages to minimise heat exposure whenever possible.

Optimise temperature during charging: Charging at moderate temperatures (around 20-25°C or 68-77°F) is ideal for preserving the battery’s health. If your EV offers a thermal management system, ensure it functions correctly to maintain the battery’s temperature within the recommended range.

**The rapid charging debate**

The impact of rapid charging on batteries has been a topic of debate. However, modern electric vehicles come equipped with advanced battery management systems that regulate the energy input into the car. This technology ensures that the battery is not harmed by using rapid chargers, which means that it is safe to use rapid chargers without any detrimental effects on the battery’s health.

**Regular Maintenance and Software Updates**

To ensure optimal performance, it is essential to follow the manufacturer’s recommended maintenance schedule for your EV. This includes regular check-ups, inspections, and software updates provided by the manufacturer. Keeping your EV and its battery up to date with the latest software enhancements can help improve efficiency and address any potential issues.

**Frequently asked questions**

**1. Will I have to replace my electric vehicle battery?**

Battery replacement for an EV is rare. Of course, an EV battery, like other batteries, may reduce capacity over time. Of course, if you follow these top tips to avoid battery degradation, you can help keep your battery healthy. An EV battery is estimated to last at least 10-15 years or 100,000 miles of driving. An electric car battery often comes with a warranty, so if you have a fault with the battery, it is best to contact the warranty holder.

**2. Are EV batteries harmful to the environment?**

There is a common misconception that electric vehicle (EV) batteries end up in landfills, but this is false. EV batteries can have a second life and be repurposed as energy storage solutions, such as for solar panels. This can extend the lifespan of a battery by up to 10-15 years!

**Summary**

Taking care of your EV battery condition is vital for its longevity and performance. By following these guidelines, including maintaining optimal charging habits, being mindful of temperature, avoiding rapid charging whenever possible, and staying up to date with maintenance and software updates, you can ensure that your EV battery remains in excellent condition. Remember, a well-cared-for battery will not only provide you with a longer driving range but also help you contribute to a sustainable and greener future.

**RC**

## စက်ဘီးစီးခြင်းက သက်ကြီးရွယ်အိုများကို ပိုမိုကျန်းမာစေ




ဂျပန်နိုင်ငံရှိ ဆူကူဘာတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ခုက စက်ဘီးမှန်မှန်စီးခြင်းက သက်ကြီးရွယ်အိုတွေရဲ့ ကျန်းမာရေးအပေါ် ဘယ်လိုသက်ရောက်မှုရှိစေလဲဆိုတာကို ၁၀ နှစ်ကြာ လေ့လာမှုပြုလုပ်ခဲ့ပါတယ်။

သူတို့ရဲ့တွေ့ရှိချက်အရ စက်ဘီးစီးတာဟာ အလုံးစုံကျန်းမာရေးကို တိုးတက်စေပြီး အထူးသဖြင့် ယာဉ်မောင်းလိုင်စင်စွန့်လွှတ်ထားတဲ့ ဂျပန်သက်ကြီးပိုင်းတွေကြားမှာ သက်တမ်းပိုရှည်စေတယ်လို့ သိရပါတယ်။ ၂၀၁၃ ခုနှစ်မှာ စက်ဘီးစီးတဲ့ သက်ကြီးရွယ်အိုတွေဟာ စက်ဘီးမစီးတဲ့သူတွေထက် နောက် ၁၀ နှစ်အတွင်းရေရှည်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ခြင်းနဲ့ သေဆုံးနိုင်ခြေပိုနည်းကြောင်း ပထမဆုံးလေ့လာမှုက တွေ့ရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ၄ နှစ်ဆက်တိုက် စက်ဘီးစီးခဲ့တဲ့သူတွေဟာလည်း နောက်ပိုင်း ၆ နှစ်တာမှာ ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးနိုင်ခြေ ပိုနည်းတယ်လို့ ဒုတိယလေ့လာမှုက ဖော်ပြထားပါတယ်။ ဒါ့အပြင်စက်ဘီးဆက်တိုက်စီးသူတွေသာမက အသစ်စတင်စီးနင်းသူတွေပါ ရေရှည်ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နိုင်ခြေ လျော့နည်းသွားတယ်ဆိုတာကို တွေ့ရှိရတယ်လို့ သုတေသီများကပြောပါတယ်။

**Ref: IE**

**ကိုထက်**

## ၂၀၃၀ ပြည့်နှစ်အရောက်မှာ အသံနှုန်းလွန်ဒုံးကျည်တင်ရေယာဉ်စု ပထမဆုံးဆိုက်ကပ်ရာနေရာဖြစ်လာမယ့် ပုလဲဆိပ်ကမ်း



အမေရိကန်ရေတပ်က သူတို့ရဲ့အဆင့်မြင့်စစ်ရေယာဉ်တွေကို ဟာဝိုင်ယီကျွန်းမှာရှိတဲ့ ပုလဲဆိပ်ကမ်းဆီရွှေ့ပြောင်းနေရာချထားမှုတွေလုပ်နေပါတယ်။ ဒီလိုမျိုးနေရာချထားမှုတွေကြောင့် ၂၀၃၀ ပြည့်နှစ်ရောက်တဲ့အချိန်မှာ ပုလဲဆိပ်ကမ်းဟာ အသံနှုန်းလွန်ဒုံးကျည်တင်ရေယာဉ်စု ပထမဆုံးဆိုက်ကပ်ရာနေရာဖြစ်လာတော့မှာဖြစ်ပါတယ်။ ဒီရေယာဉ်စုထဲမှာ ရေပြင်သွားရေယာဉ်များသာမက ရေငုပ်သင်္ဘောများလည်းပါဝင်ပါတယ်။

ပုလဲဆိပ်ကမ်းဆိုတာ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့ရဲ့အလစ်အငိုက်တိုက်ခိုက်ခံရမှုနဲ့အတူ ကြီးမားလှတဲ့ပျက်စီးဆုံးရှုံးမှုနဲ့ကြုံတွေ့ခဲ့ရတဲ့ ရေတပ်စခန်းဖြစ်ပါတယ်။ အခုတော့ ဒီနေရာဟာ အမေရိကန်ရေတပ်ရဲ့ပထမဆုံးသော အသံနှုန်းလွန်ဒုံးကျည်တင်ရေယာဉ်စုဆိုက်ကပ်မယ့်ဆိပ်ကမ်းဖြစ်လာတော့မှာဖြစ်ပါတယ်။

ဒီလိုဖြစ်လာဖို့အတွက် အမေရိကန်ရေတပ်ရဲ့ပထမဆုံးသော ရေပြင်ပစ်အသံနှုန်းလွန်ဒုံးကျည်ဖြစ်တဲ့ Conventional Prompt Strike (CPS) လက်နက်စနစ်တပ်ဆင်ထားတဲ့ စစ်သင်္ဘောများနဲ့ရေငုပ်သင်္ဘောများကို ပုလဲဆိပ်ကမ်းမှာ ဖြန့်ကြက်ချထားမှာဖြစ်ပါတယ်။ ဒီအတွက် ပုလဲဆိပ်ကမ်းကို အဆင့်မြှင့်တင်မှုများလုပ်သွားမယ်လို့ဆိုထားပါတယ်။

**Ref: IE**

**ကိုထက်**

## စစ်မြေပြင်ထိခိုက်ဒဏ်ရာရသူတွေကိုကုသရာမှာ ကူညီပေးနိုင်မယ့် သွပ်ဒြပ်စင်ပါဝင်တဲ့ဂျယ်တစ်မျိုး



တက္ကဆက်-အာလင်တန် တက္ကသိုလ်မှ သုတေသီတွေဟာ စစ်မြေပြင်မှာဒဏ်ရာရရှိသူတွေကို ကြွက်သားတစ်သျှူးတွေ အမြန်ပြန်လည်ကောင်းမွန်ဖို့ သွပ်ဒြပ်စင်ကို အသုံးပြုနိုင်မလားဆိုပြီး လေ့လာကြပါတယ်။ ပေါက်ကွဲမှုဒဏ်ရာတွေမှာ သွေးထွက်တာကိုရပ်ဖို့ သွေးကြောကိုညှပ်တာဒါမှမဟုတ် ပတ်တီးစည်းတာတွေ လုပ်ရတာကြောင့် သွေးစီးဆင်းမှုရပ်တန့်ပြီး ဒဏ်ရာထက်ပိုဆိုးတဲ့ နောက်ဆက်တွဲထိခိုက်မှုတွေ ဖြစ်လာတတ်ပါတယ်။ ဒီလိုထိခိုက်မှုတွေက မူလရရှိထားတဲ့ ဒဏ်ရာထက်ပိုပြီး တစ်သျှူးကိုပျက်စီးစေပါတယ်။

သုတေသနအဖွဲ့က သွပ်ဒြပ်စင်ကို သတိထားပြီးအသုံးပြုမယ်ဆိုရင် ဒဏ်ရာတွေကို အမြန်ဆုံးကုသနိုင်မယ်လို့တွေ့ရှိထားပါတယ်။ ဒါကြောင့် သုတေသီတွေက FDA က ခွင့်ပြုထားတဲ့ gelatin methacryloyl လို့ခေါ်တဲ့ ဂျယ်ထဲမှာသွပ်ဒြပ်စင်ကို ထည့်သွင်းပြီး ပေါက်ကွဲမှုဒဏ်ရာရတဲ့အခါ ကြွက်သားတစ်သျှူးတွေကိုကာကွယ်ပေးပြီး ဒဏ်ရာကို အနာကျက်မြန်အောင် လှုံ့ဆော်ပေးနိုင်မယ်လို့ဆိုပါတယ်။ ဒီဂျယ်က ကြွက်သားထိခိုက်ဒဏ်ရာရသူတွေကို ကူညီပေးနိုင်လိမ့်မယ်လို့ယုံကြည်ရပါတယ်။

**Ref: IE**

**ကိုထက်**

## သွားဖုံးရောဂါရှိသူတွေမှာ ဦးနှောက်ပျက်စီးမှု ပိုမိုဖြစ်ပွားလေ့ရှိ

သွားဖုံးရောဂါရှိတဲ့ လူလတ်ပိုင်းနဲ့ သက်ကြီးပိုင်းတွေဟာ ဦးနှောက်ပုံရိပ်ဖော်စစ်ဆေးချက်တွေမှာ ဦးနှောက်အတွင်းပိုင်း ပျက်စီးမှုလက္ခဏာတွေ ပိုမိုပြသနေတယ်လို့ လေ့လာမှုအသစ်တစ်ခုက ညွှန်ပြနေပါတယ်။

အဲဒီပျက်စီးမှုတွေကို White Matter Hyperintensities လို့ခေါ်ပြီး ဦးနှောက်ရဲ့ ဆက်သွယ်ရေးအတွက် အရေးပါတဲ့ အာရုံကြောမျှင်တွေ ထိခိုက်နေတာကို ပြသတာပါ။ ဒီလို ဦးနှောက်အတွင်းပိုင်း ထိခိုက်မှုတွေဟာ မှတ်ဉာဏ်၊ ခန္ဓာကိုယ်ဟန်ချက်ညီမှု၊ ကိုယ်ခန္ဓာလှုပ်ရှားမှုတို့မှာ ပြဿနာရှိတာနဲ့ ဆက်စပ်နေပြီး လေသင်တုန်းဖြတ်နိုင်ခြေကိုလည်း မြင့်တက်စေနိုင်တယ်လို့ သိရပါတယ်။

လေ့လာမှုမှာ ပါဝင်သူ ၁၁၄၃ ဦးထဲက သွားဖုံးရောဂါရှိသူ ၈၀၀ ကို စစ်ဆေးခဲ့ရာမှာ သွားဖုံးရောဂါရှိသူတွေဟာ ရောဂါမရှိသူတွေထက် ဦးနှောက်ပျက်စီးမှုဧရိယာပိုများကြောင်း တွေ့ခဲ့ရပါတယ်။ အသက်၊ လိင်၊ ဆေးလိပ်သောက်ခြင်း စတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားပြီးနောက်မှာတောင်မှ သွားဖုံးရောဂါဟာ ဦးနှောက်ပျက်စီးမှုဖြစ်နိုင်ခြေအများဆုံးအုပ်စုထဲမှာ ပါဝင်ဖို့ ၅၆ ရာခိုင်နှုန်းအထိပိုမိုမြင့်မားတဲ့ ဆက်စပ်မှုရှိနေခဲ့ပါတယ်။

အခုလုပ်တဲ့လေ့လာမှုက သွားဖုံးရောဂါနဲ့ ဦးနှောက်ကျန်းမာရေးတို့ကြား ဆက်နွယ်မှုကိုသာပြသပြီး တိုက်ရိုက်သက်ဆိုင်ခြင်းရှိ၊ မရှိအတည်မပြုရသေးပေမယ့် ခံတွင်းနဲ့ သွားကျန်းမာရေးကို ဂရုစိုက်ခြင်းက ရေရှည်မှာ ဦးနှောက်ကျန်းမာရေးကို ထောက်ပံ့ပေးနိုင်တယ်လို့ဆိုပါတယ်။

**Ref: IE**

**ကိုထက်**



## ရေမြှုပ်မိုင်းများကို ရာနှုန်းပြည့်နီးပါးရှင်းလင်းပေးမယ့် မောင်းသူမဲ့ရေယာဉ်



ပြင်သစ်နိုင်ငံရှိ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကုမ္ပဏီဖြစ်တဲ့ Thales ကုမ္ပဏီကထုတ်လုပ်ပြီး ပြင်သစ်ရေတပ်ဆီကိုလွှဲပြောင်းပေးလိုက်တဲ့ မောင်းသူမဲ့ရေယာဉ်တစ်စင်းက ရေမြှုပ်မိုင်းများကို ရာနှုန်းပြည့်နီးပါးရှင်းလင်းပေးနိုင်စွမ်းရှိမယ်လို့ဆိုပါတယ်။ အထူးသဖြင့် အန္တရာယ်များလှတဲ့ ပတ်ဝန်းကျင်အနေအထားမှာ စစ်သည်တွေကိုထိခိုက်ဒဏ်ရာရရှိစေမှုကို ကောင်းစွာလျှော့ချပေးနိုင်စွမ်းရှိမှာဖြစ်ပါတယ်။

ဒီမောင်းသူမဲ့ရေယာဉ်မှာ TSAM ဆိုတဲ့ဆိုနာနဲ့ SAMDIS ဆိုတဲ့ဆိုနာများကိုတပ်ဆင်ထားပါတယ်။ ဒီလိုမျိုးအဆင့်မြင့်တဲ့ အာရုံခံကိရိယာများကြောင့် ရေမြှုပ်မိုင်းများကို ၉၉ ရာခိုင်နှုန်းအထိတိကျစွာရှာဖွေနိုင်စွမ်းရှိပါတယ်။

နည်းပညာမြင့်မားလာတဲ့ ဒီခေတ်ကြီးမှာ ဆိုက်ဘာတိုက်ခိုက်မှုကလည်း ထည့်တွက်ရမယ့်အခြေအနေတစ်ခုဖြစ်လာပါတယ်။ အခုမောင်းသူမဲ့ရေယာဉ်ကတော့ ဆိုက်ဘာတိုက်ခိုက်မှုကို ခံနိုင်ရည်ရှိတယ်လို့ဆိုပါတယ်။ ဒါ့အပြင် ရေယာဉ်ကိုနာရီပေါင်း ၃၀၀၀ ကျော်ကြာအောင်စမ်းသပ်ပြီး စနစ်တွေကိုအံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်ထားတာကြောင့် စစ်ဆင်ရေးမှာ အမှန်တကယ်အသုံးတည့်မယ့် ရေယာဉ်ဖြစ်လာစေမယ့်လို့ ကုမ္ပဏီကထုတ်ပြန်ထားပါတယ်။

**Ref: IE**

**ကိုထက်**

# နယူးဒေလီမြို့၌ ကားဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား ယာဉ်ပိုင်ရှင်က ကက်ရှမီးယားဒေသခံဆရာဝန်တစ်ဦးဖြစ်နေဟုဆို



**နယူးဒေလီ၊ အကြမ်းဖက်မှု**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ နိုဝင်ဘာလ ၁၀ ရက်ညပိုင်းတွင် ကားဗုံးခွဲအကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ရှစ်ဦးသေဆုံးပြီး ၂၀ ကျော်ဒဏ်ရာရရှိကြောင်းနှင့် ဗုံးထောင်ထားသည့်ယာဉ်ပိုင်ရှင်မှာ အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ ကက်ရှမီးယားဒေသ၌နေထိုင်သူ ဆရာဝန်တစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့က နိုဝင်ဘာလ ၁၁ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါယာဉ်ပိုင်ရှင်၏အမည်မှာ မိုဟာမတ်အူမာဖြစ်ကြောင်း၊ ၎င်းသည် ကားကို ဗုံးခွဲချိန်တွင် ကားအတွင်းရှိနေကြောင်းနှင့် ပေါက်ကွဲမှုသည် ည ၇ နာရီဝန်းကျင်တွင် သမိုင်းဝင် ခံတပ်နီအနီးဖြစ်ပွားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကားဗုံးပေါက်ကွဲမှုကြောင့် အနီးရှိကားအများအပြားမီးလောင်သွားကြောင်း၊ အနီးရှိအဆောက်အအုံများမှာလည်း တစ်စိတ်တစ်ပိုင်း ပျက်စီးသွားကြောင်းနှင့် ပေါက်ကွဲမှုဖြစ်ပွားသည့်အသံကို မီတာ ၅၀၀ အကွာကပင်ကြားရကြောင်း သတင်းဌာနများကဖော်ပြထားသည်။

ယခုဖောက်ခွဲမှုလုပ်သည့်ကားကို မိုဟာမတ်အူမာက လွန်ခဲ့သောသီတင်းပတ်နှစ်ပတ်ခန့်ကမှဝယ်ယူထားခြင်းဖြစ်ကြောင်း၊ ၎င်း၏ရုပ်အလောင်းကို ကားအတွင်းမှရရှိကြောင်း၊ ယင်းရုပ်အလောင်းကို DNA စစ်ဆေးမှုအရ ယာဉ်ပိုင်ရှင်ကိုသိရှိခဲ့ရခြင်းဖြစ်ကြောင်းနှင့် ယခုဖောက်ခွဲမှုလုပ်ရန် ဓာတုပစ္စည်းအချို့ကို အသုံးပြုထားကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Xinhua**

# အစ္စလာမ်မာဘတ်မြို့ရှိ ခရိုင်တရားရုံးအပြင်၌ အသေခံဗုံးခွဲမှုဖြစ်ပွား အနည်းဆုံး လူ ၁၂ ဦး သေဆုံး

**အစ္စလာမ်မာဘတ်၊ အကြမ်းဖက်မှု**

ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့ရှိ ခရိုင်တရားရုံးအပြင်ဘက်၌ နိုဝင်ဘာလ ၁၁ ရက်မွန်းလွဲပိုင်းအချိန်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးလူ ၁၂ ဦးသေဆုံးပြီး ၂၇ ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီး မိုဆင်နာဗီက သတင်းဌာနများကိုပြောသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့နှင့်ကယ်ဆယ်ရေးတပ်ဖွဲ့များက အခင်းဖြစ်ရာနေရာသို့ရောက်ရှိလာပြီး သေဆုံးသူများနှင့်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ပေးကြောင်း၊ ဒဏ်ရာရရှိသူများအနက် အချို့သည် ဒဏ်ရာပြင်းထန်သောကြောင့် သေဆုံးသူဦးရေမြင့်တက်လာနိုင်ကြောင်း ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ရေးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ပဏာမစစ်ဆေးချက်များအရ အသေခံဗုံးခွဲသူသည် မူလကတရားရုံးအတွင်းဝင်၍ ဗုံးခွဲရန်ကြိုးပမ်းခြင်းဖြစ်ကြောင်း၊ ထိုသို့ကြိုးပမ်းမှုမအောင်မြင်သည့်အတွက် ရုံးအပြင်ဘက်၌သာ အသေခံဗုံးခွဲသွားခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

# တရုတ်နိုင်ငံက ကနေဒါနိုင်ငံနှင့် ဆက်ဆံရေးပြန်လည်စတင်ရန်အသင့်ရှိဟု ဝမ်ယီပြော

**ပေကျင်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံအနေဖြင့် ကနေဒါနိုင်ငံနှင့် ဆက်ဆံရေးကို ပြန်လည်စတင်ရန်နှင့် နယ်ပယ်အသီးသီးတွင်ပူးပေါင်းဆောင်ရွက်မှုများလုပ်ရန်အသင့်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ကနေဒါနိုင်ငံခြားရေးဝန်ကြီးသို့ပြောသည်ဟု ဒေသတွင်းသတင်းဌာနများက နိုဝင်ဘာလ ၁၁ ရက်တွင်ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၌ကျင်းပသော APEC ထိပ်သီးညီလာခံ၏ဘေးပန်းတွေ့ဆုံမှုတွင် တရုတ်သမ္မတနှင့် ကနေဒါဝန်ကြီးချုပ်တို့တွေ့ဆုံဆွေးနွေးပြီးနောက် ဝမ်ယီက ကနေဒါနိုင်ငံခြားရေးဝန်ကြီးနှင့်ဖုန်းဆက်စဉ် ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံကြား နှစ်ပေါင်းများစွာကြာဆက်ဆံရေးတင်းမာမှုများဖြစ်နေစဉ် နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးမှာ လမ်းကြောင်းမှန်ပေါ်သို့ပြန်ရောက်လာပြီဖြစ်ကြောင်း ဝမ်ယီကပြောထားသည်ဟုသိရသည်။ **Ref: ST**

# နီပေါနိုင်ငံ၌ မုတ်သုံကာလအတွင်း သဘာဝဘေးများ ဖြစ်ပွားမှုကြောင့် လူ ၁၄၀ သေဆုံး

**ခတ္တမန္ဒူ၊ သဘာဝဘေး**

နီပေါနိုင်ငံ၌ ယခုနှစ်၏မုတ်သုံကာလအတွင်း သဘာဝဘေးများဖြစ်ပွားမှုကြောင့် လူအယောက် ၁၄၀ အထိသေဆုံးကြောင်း အစိုးရတာဝန်ရှိသူများက နိုဝင်ဘာလ ၁၁ ရက်တွင်ပြောသည်။

မုတ်သုံကာလအတွင်း သဘာဝဘေးပေါင်းအကြိမ်ရေ ၁၄၅၅ ကြိမ်ဖြစ်ပွားခဲ့ပြီး သဘာဝဘေးများကြောင့် လူ ၃၀ ကျော်ပျောက်ဆုံးကြောင်းနှင့် ၃၀၀ ကျော်ဒဏ်ရာရရှိကြောင်း အမျိုးသားသဘာဝဘေးလျော့ပါးရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါသဘာဝဘေးဖြစ်စဉ်များတွင် မြေပြိုမှုများကြောင့် လူသေဆုံးမှုအများဆုံးဖြစ်ကြောင်း၊ ယင်းနောက်တွင် ရေကြီးမှုကြောင့် သေဆုံးသူက ဒုတိယအများဆုံးဖြစ်ကြောင်းနှင့် အိမ်ထောင်စု ၆၀၀၀ နီးပါး သဘာဝဘေးသင့်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Xinhua**

# မုန်တိုင်းနှစ်လုံးဝင်ရောက်တိုက်ခတ်ခြင်းခံရသည့် ဖိလစ်ပိုင်၌ သေဆုံးသူ ၂၅၀ အထိမြင့်တက်



**မနီလာ၊ သဘာဝဘေး**

အလွန်အားပြင်းသော မုန်တိုင်းနှစ်လုံး ရှေ့ဆင့်နောက်ဆင့်ဝင်ရောက်တိုက်ခတ်ခြင်းခံရသည့် ဖိလစ်ပိုင်နိုင်ငံ၌ ထိုသဘာဝဘေးများကြောင့် သေဆုံးသူ ၂၅၀ အထိမြင့်တက်လာပြီဖြစ်ကြောင်း တာဝန်ရှိသူများက နိုဝင်ဘာလ ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။

နိုဝင်ဘာလ ၄ ရက်တွင် ဝင်ရောက်ခဲ့သော ခန့်မေဂီမုန်တိုင်းကြောင့် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားရာ လူ ၂၃၂ ဦးသေဆုံးပြီး ၁၁၂ ဦးပျောက်ဆုံးသည်။ ထိုသဘာဝဘေးဒဏ်ကို အဆိုးဆုံးရင်ဆိုင်ရသည့်ဒေသမှာ စီဘူးပြည်နယ်ဖြစ်သည်။ အဆိုပါပြည်နယ်အနေဖြင့် စက်တင်ဘာလ ၃၀ ရက်တွင်လှုပ်ခတ်သော အင်အား ၆ ဒသမ ၉ မဂ္ဂနီကျူရှိငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်ရင်ဆိုင်နေရသည့် ဒေသဖြစ်သည်။

ထို့ပြင် နိုဝင်ဘာလ ၉ ရက်တွင် လူဇွန်ကျွန်းသို့ဝင်ရောက်သည့် ဖန်ဝေါင်းမုန်တိုင်းကြောင့် အနည်းဆုံးလူ ၁၈ ဦးသေဆုံးပြီး ယင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် ယခုအထိဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်နေရသူ သန်းပေါင်းများစွာရှိကြောင်း သဘာဝဘေးလျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီနှင့် အရပ်ဘက်ကာကွယ်ရေးရုံးတို့က နိုဝင်ဘာလ ၁၁ ရက်တွင်ထုတ်ပြန်ထားသည်ဟုသိရသည်။ **Ref: Xinhua**

# နယ်စပ်၌ မြေမြှုပ်မိုင်းအသစ်များခင်းခြင်းမရှိဟု ကမ္ဘောဒီးယားထုတ်ပြန်

**ဖနွမ်းပင်၊ စစ်ရေး**

ကမ္ဘောဒီးယား-ထိုင်းနယ်စပ်၌ မြေမြှုပ်မိုင်းအသစ်များကိုခင်းနေခြင်းမရှိကြောင်း ကမ္ဘောဒီးယားအစိုးရက နိုဝင်ဘာလ ၁၁ ရက်တွင်ထုတ်ပြန်လိုက်သည်။ နိုဝင်ဘာလ ၁၀ ရက်တွင် နယ်စပ်၌ မြေမြှုပ်မိုင်းတစ်လုံးကွဲခြင်းကြောင့် ကင်းလှည့်နေသည့် ထိုင်းစစ်သည် နှစ်ဦးဒဏ်ရာရရှိပြီးနောက် ကမ္ဘောဒီးယားအနေဖြင့် မိုင်းအသစ်များခင်းနေသည်ဟူသော ထိုင်းနိုင်ငံ၏စွပ်စွဲချက်ကို ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယခုကဲ့သို့ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

ထို့ပြင် နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်ခဲ့သည့် ကမ္ဘောဒီးယားပြည်တွင်းစစ်ကျန်မိုင်းကွင်းများသည် ကမ္ဘောဒီးယား-ထိုင်းနယ်စပ်၌ရှိနေဆဲဖြစ်ကြောင်း၊ မိုင်းကွင်းအများစုမှာ မြေအခြေအနေအရနှင့် ပိုင်နက်နယ်မြေအငြင်းပွားမှုအခြေအနေအရတို့ကြောင့် ရှင်းလင်းထားခြင်းမရှိသေးသည်ကို သတိပြုသင့်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် မိုင်းပေါက်ကွဲမှုကြောင့် ပူးတွဲငြိမ်းချမ်းရေးကြေညာချက်ပါ သဘောတူညီချက်များကို လိုက်နာမှုရပ်ဆိုင်းသည်ဟူသော ထိုင်းနိုင်ငံ၏ဆုံးဖြတ်ချက်အပေါ် လွန်စွာစိုးရိမ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံကမူ ထိုသဘောတူညီချက်များကို ဆက်လက်လိုက်နာသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ **Ref: Xinhua**



# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၁ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ မီလီမီတာမှ ၂၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၇ မီလီမီတာမှ ၃၆ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (စိုစွတ်) အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (ပြည့်ဝ) အခြေအနေ အသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၄)ရက်(သောကြာနေ့)ညတွင် ရောက်ရှိမည့် အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် ဇာတိမာန်တက်ကြွဖွယ် အမျိုးဂုဏ်/ဇာတိဂုဏ်မြှင့်တင်သည့်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပတေးသံရှင်များစုပေါင်း၍ **“ခေတ်ဆန်းချိန် အမျိုးသားအောင်ပွဲနေ့”** ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၁၄–၁၁–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “ခေတ်ဆန်းချိန် အမျိုးသားအောင်ပွဲနေ့” ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အမျိုးသားနေ့တို့မမေ့ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၂။ | ဓွဲ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၃။ | နှယ်သာဂီ | ဌာနအဆိုရှင် |
| ၄။ | အမျိုးသားနေ့အောင်ပါစေ | ပြင်ပအဆိုရှင် |
| ၅။ | အမွေအနှစ်ရွှေအစစ် | ပြင်ပအဆိုရှင် |
| ၆။ | အမျိုးသားနေ့ | ပြင်ပအဆိုရှင် |
| ၇။ | ဘဝဆက်တိုင်းအသက်ပေးတိုက်မယ် | ပြင်ပအဆိုရှင် |
| ၈။ | အမျိုးသားအောင်ပွဲနေ့ | ပြင်ပအဆိုရှင် |
| ၉။ | ခေတ်ဆန်းချိန် | ပြင်ပအဆိုရှင် |
| ၁၀။ | အမျိုးချစ်တဲ့မြန်မာ | ပြင်ပအဆိုရှင် |
| ၁၁။ | ဂီတဗိမာန် | ပြင်ပအဆိုရှင် |
| ၁၂။ | မြန်မာ့ဂုဏ်ရည် | ပြင်ပအဆိုရှင် |

⇨ ကျောဖုံးမှအဆက်

**နိုဝင်ဘာလ ၇ ရက်**တွင် ပြည်မြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၀၉၃)တန်၊ အခြားသစ်(၈ ဒသမ ၉၇၄)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၇၄၂၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၇ ရက်**တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၃၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Dyna (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **နိုဝင်ဘာလ ၈ ရက်**တွင် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၇၁၈၉၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Win Myanmar Light Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Nidi Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၃၇၁၉၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၉ ရက်**တွင် မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ဆိုက်ကပ်လာသည့် ရေယာဉ် (၁)စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ(ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၂)မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း(၇၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၅၈၇၈၅၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Sea Lion 5 ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၅၈၇၈၅၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

၂၀၂၅ ခုနှစ်၊ **နိုဝင်ဘာလ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၆၂၁၇၈၆၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူသောအချက်ကိုထည့်သွင်းချမှတ်ထားရှိသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အဓိကဦးစားပေးကဏ္ဍအဖြစ်သတ်မှတ်ထားခြင်းသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ကာ နိုင်ငံတော်၏စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။

**စိုက်ပျိုးရေးကိုအခြေခံ**

ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင်တည်မှီနေပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်မှုအပေါ်တွင် မူတည်လျက်ရှိသည်။ ထို့ကြောင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ရည်မှန်းချက်ဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှသည် ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သောနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သည်။ ယခင်ကစိုက်ပျိုးမွေးမြူရေးထုတ်ကုန်လုပ်ငန်းများ အားနည်းချက်ရှိခဲ့သဖြင့် ပို့ကုန်များလျော့နည်းပြီး သယံဇာတပစ္စည်းများထုတ်ယူသုံးစွဲမှုပိုမိုများပြားခဲ့သည်။ အထူးသဖြင့် သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲမှုပိုများခဲ့ပြီး ပြန်လည်စိုက်ပျိုးထိန်းသိမ်းမှုအားနည်းခဲ့သည်။ ထို့ကြောင့် မြေပေါ်သယံဇာတများဖြစ်သည့် သစ်တောသစ်ပင်များစိုက်ပျိုးခြင်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စက်မှုလုပ်ငန်း**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သော နိုင်ငံဖြစ်သည်။ နိုင်ငံရှိလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင်နေထိုင်ကြသည်။ နိုင်ငံရှိလူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသူများဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများတိုးတက်မြင့်မားလာအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံစီးပွားရေးမြင့်မားတိုးတက်လာပြီး ပြည်သူလူထု၏လူမှုစီးပွားဘဝများလည်း "ကျွဲကူးရေပါ" ဆိုသလို လိုက်ပါမြင့်တက်လာမည်ဖြစ်သည်။ လူအများစုမှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသစီးပွားရေးကို မြှင့်တင်ပေးနိုင်လျှင် နိုင်ငံစီးပွားရေးလည်း တိုးတက်မြင့်မားလာပြီး ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စက်မှုလုပ်ငန်းများဆိုသည်မှာ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ အမျှင်များ၊ မွေးမြူရေးထွက်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ သို့မဟုတ် အခြားစက်မှုလုပ်ငန်းများအတွက်သွင်းအားစုများထုတ်လုပ်သည့်လုပ်ငန်းများပင်ဖြစ်သည်။ အဆိုပါလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန် ကုန်ကြမ်းများကို စားသောက်ကုန်အမျိုးမျိုး၊ အထည်အလိပ်များနှင့် ဇီဝလောင်စာများအဖြစ်သို့ အသွင်ပြောင်းစေပြီး တန်ဖိုးကိုလည်း မူလကုန်ကြမ်းထက် များစွာတိုးမြှင့်သွားစေသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုပပျောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး၊ မြို့ပြနှင့်အခြားပြည်ပနိုင်ငံများသို့ရွှေ့ပြောင်းအလုပ်သမားအဖြစ်သွားရောက်လုပ်ကိုင်မှုများ လျော့နည်းရေးတို့ကိုများစွာအထောက်အကူဖြစ်စေသည်။ အထူးသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေသည်။

စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်စေရန်ကိုလည်း အထောက်အကူပြုလျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများသည် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများမှထွက်ပေါ်လာသောကုန်ကြမ်းများအတွက် ခိုင်မာသောဈေးကွက်များအဖြစ်ရပ်တည်ပေးလျက်ရှိသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင်အလုပ်အကိုင်များကိုလည်းဖန်တီးပေးနိုင်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများနှင့်ရပ်တည်နေရသော ကျေးလက်နေတောင်သူများ၏ မိသားစုဝင်များအတွက် အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေရလမ်းတို့ကိုဖြစ်ပေါ်စေသည်။ ထို့ပြင် ပြည်တွင်းသုံးစွဲရန်မရှိမဖြစ်လိုအပ်သောပစ္စည်းများကို ထုတ်လုပ်ပေးခြင်းဖြင့် ပြည်ပသွင်းကုန်အပေါ် မှီခိုနေရမှုကိုလည်း လျှော့ချနိုင်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်းချွေတာနိုင်မည်ဖြစ်သည်။

**ကုန်ထုတ်လုပ်မှုတိုးတက်ရေး**

လယ်ယာထုတ်ကုန်လုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကိုထိရောက်စွာမြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ ပြည်ပပို့ကုန်ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agriculture Practices-GAP) စံချိန်စံညွှန်းနှင့်အညီ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အမှန်တော့ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျစိုက်ပျိုးဆောင်ရွက်နိုင်ခြင်းသည် အထွက်နှုန်းများပိုမိုတိုးတက်လာစေမည်ဖြစ်သည်။ ထို့ပြင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းဖြင့်လည်း ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့် ရောင်းလိုအားများတိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားရေးကိုများစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် အထွက်နှုန်းများပိုမိုတိုးတက်ကောင်းမွန်စေရေး စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းများ လုံလောက်ကောင်းမွန်စွာရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

**စင်စစ်အားဖြင့် မြန်မာနိုင်ငံတွင် သဘာဝမှပေးထားသည့် အရင်းအမြစ်များစွာရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်မည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ အခြားနိုင်ငံများနှင့်တန်းတူ အဆင့်မီစွာ ထုတ်လုပ်နိုင်မည်ဆိုလျှင် ပြည်ပမှနှစ်စဉ်တင်သွင်းနေရသည့် လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းများကို အစားထိုးထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။**

ဆိုရလျှင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ မြေကောင်းမွန်မှုရှိစေရေး မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် သဘာဝမြေဩဇာများကို အသုံးပြုရန်လည်းလိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းဆန်ဖူလုံလာမည်ဖြစ်ပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံနှင့်ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်သဖြင့် ဒေသအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သဖြင့် အဆိုပါတိရစ္ဆာန်အစာများကို အသုံးပြု၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို မွေးမြူနိုင်သည်။ ထိုသို့မွေးမြူဆောင်ရွက်ခြင်းဖြင့် ဒေသစားရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။ အလားတူ ဆန်စက်လုပ်ငန်းများ ကောင်းမွန်နေရန်လည်းလိုအပ်သည်။ ဆန်စက်များမှထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲများဖြင့် တိရစ္ဆာန်အစာများ ပြုလုပ်၍ရသည်။ ဆီထွက်သီးနှံများမှ နှမ်းဆီ၊ ပဲဆီများ ထုတ်လုပ်နိုင်ပြီး ဆီစက်များမှထွက်ရှိသည့် နှမ်းဖတ်၊ ပဲဖတ်များဖြင့်လည်း တိရစ္ဆာန်အစာများထုတ်လုပ်နိုင်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသစီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ အထူးသဖြင့်တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုလျှင် တိုင်းပြည်တိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သည်။

**ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး**

နေကြာသီးနှံသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည်။ နေကြာဆီဖူလုံပိုလျှံခြင်းဖြင့် နိုင်ငံ၏စားသုံးဆီလိုအပ်ချက်ကိုလျော့နည်းစေပြီး ပြည်ပမှစားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်သောကြောင့် နိုင်ငံခြားငွေသုံးစွဲမှုသက်သာစေနိုင်သည်။ လက်ရှိတွင် နှစ်စဉ်ပြည်ပမှစားအုန်းဆီများ တင်သွင်းနေရသည့်အတွက် ပြည်ပမှတင်သွင်းမှုကိုလျှော့ချနိုင်ရန် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း အထွက်တိုးအောင် စနစ်တကျဆောင်ရွက်သွားသင့်သည်။ နေကြာဆီသည် အရည်အသွေးကောင်းပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော စားသုံးဆီဖြစ်သည်။ နေကြာသီးနှံသည် ဈေးကွက်ဝင်သီးနှံဖြစ်သဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ပါကတောင်သူများဝင်ငွေတိုးတက်စေပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးဆောင်ရွက်ရာတွင် မြေပဲဆီသည် ထုတ်လုပ်မှုစရိတ်များသည့်အတွက် စားသုံးသူများလက်လှမ်းမီသည့် ဈေးနှုန်းဖြစ်စေရန် ဆီထွက်သီးနှံမျိုးစုံတိုးချဲ့စိုက်ပျိုးသွားရန်လိုအပ်သည်။

**ဝါး၊ ဝါ၊ ရော်ဘာနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကိုဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ပြီး ချည်ထည်များကိုထုတ်လုပ်နိုင်မည်ဆိုလျှင် နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအနှံ့အပြားတွင် ဝါးများထွက်ရှိပြီး ဝါးပင်၏သက်တမ်းသည် အများဆုံး ၁၀ နှစ်မှနှစ် ၂၀ ခန့်သာရှိ၍ အကျိုးရှိစွာအသုံးမပြုလျှင် လေလွင့်ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် ဒေသအလိုက်ဝါးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး နိုင်ငံခြားဝင်ငွေရှာဖွေသွားနိုင်သည်။

အမှန်တော့ မြန်မာနိုင်ငံတွင် ဝါး၊ ဝါနှင့် ရော်ဘာတို့သည် စိုက်ပျိုးဖြစ်ထွန်းထွက်ရှိပြီးပစ္စည်းများဖြစ်၍ အချိန်တိုအတွင်း ကုန်ချောနှင့်ရောင်းကုန်ပစ္စည်းများအဖြစ်ထုတ်လုပ်နိုင်သော လုပ်ငန်းများဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှထွက်ရှိသောကော်ဖီသည်ကမ္ဘာပေါ်တွင် ရောင်းတမ်းဝင်သည့်ကော်ဖီဖြစ်သည်။ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်ပြီး အလုပ်အကိုင်နှင့်အပိုဝင်ငွေများရရှိအောင်ဆောင်ရွက်သွားရန်လိုအပ်သည်။

စာမျက်နှာ ၂၆ သို့ ●

● **စာမျက်နှာ ၂၅ မှအဆက်**

အထူးသဖြင့် နိုင်ငံတော်အနေဖြင့် အဆိုပါလုပ်ငန်းများအတွက်လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီသွားရန်အသင့်ရှိနေပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများအတွက် စက်မှုကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ရင်းနှီးမြှုပ်နှံရန်လိုအပ်သည့် ငွေကြေးများကိုလည်း ထုတ်ချေးပေးသွားရန် စီမံထားရှိပြီးဖြစ်သည်။ ထို့ကြောင့် ထုတ်ကုန်များပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများ ရရှိနိုင်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝများ များစွာတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင်ပြည်ပမှတင်သွင်းနေရသည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်၍ ပြည်ပသွင်းကုန်များအစားထိုးနိုင်မည်ဖြစ်သည်။

**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့**

စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌နေထိုင်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထိုသို့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း လေ့လာဆောင်ရွက်သွားရမည်ဖြစ်သည်။

အထူးသဖြင့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ အမျှင်များ၊ မွေးမြူရေးထွက်ပစ္စည်းများ စသည်တို့ကို ကုန်ကြမ်းအဖြစ်အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ၊ တစ်ပိုင်းကုန်ချော သို့မဟုတ် အခြားစက်မှုလုပ်ငန်းများအတွက် သွင်းအားစုများ ထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများသည် စိုက်ပျိုးရေးထွက်ကုန်ကုန်ကြမ်းများကို စားသောက်ကုန်အမျိုးမျိုး၊ အထည်အလိပ်များ၊ ဇီဝလောင်စာများ စသည်တို့အဖြစ်သို့ အသွင်ပြောင်းစေပြီး တန်ဖိုးကိုလည်း မူလကုန်ကြမ်းထက်များစွာတိုးမြှင့်သွားနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုပပျောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး၊ မြို့ပြနှင့်အခြားပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်မှုများလျှော့နည်းရေးတို့ကို များစွာအထောက်အကူဖြစ်စေသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံတွင် သဘာဝမှပေးထားသည့် အရင်းအမြစ်များစွာရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်မည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ အခြားနိုင်ငံများနှင့်တန်းတူ အဆင့်မီစွာထုတ်လုပ်နိုင်မည်ဆိုလျှင် ပြည်ပမှနှစ်စဉ်တင်သွင်းနေရသည့် လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းများကို အစားထိုးထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆိုရလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်လာစေရန် လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်ကြီးရွှေသီးလာစေမည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေး၊ လူမှုဘဝအဆင်ပြေချောမွေ့စေရေးတို့အတွက် ပြည်သူအားလုံးဝိုင်းဝန်းပူးပေါင်းကာ ထိထိရောက်ရောက် ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းအကြံပြုရေးသားလိုက်ရပါသည်။ ။

# ပဲခူးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ နိုဝင်ဘာလ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရှမ်းရွာကြီးကျေးရွာနှင့် ပေပင်ချောင်ကျေးရွာအကြား၌ ဖြတ်သန်းစီးဆင်းလျက်ရှိသော ရှမ်းရွာကြီးချောင်းနှင့် မောင်မခေါ်ချောင်းတို့အား ရေကြောင်းရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရှမ်းရွာကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်စေရေး အသိပညာပေး ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု၌ ဥသျှာစိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းအသင်းမှ ဒေသကြက်ကောင်ရေ ၃၅၀၀ နှင့် အသားတိုးကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်ပုံကြီးဈေးသို့ ရောက်ရှိပြီး ဈေးပြန်လည်အဆင့်မြှင့်တင်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျဉ်ပုံကြီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဥစားဘဲကောင်ရေ ၃၀၀၀ အောင်မြင်စွာ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်ပုံကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အခြေခံပညာအထက်တန်းကျောင်း (ပျဉ်ပုံကြီး)နှင့် ပျဉ်ပုံရွာသစ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကိုကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများအတွက် သီးခြားပံ့ပိုးငွေများ ပေးအပ်သည်။

ဆက်လက်၍ ရွာသစ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအပြင် ပြည်ပဈေးကွက်ဝင် တန်းမြင့်ဆန်ဖြစ်သော ဒေသနှင့်ကိုက်ညီသည့် ပေါ်ဆန်းစပါးမျိုးများရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များတွင်ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရေး အကျယ်တဝင့်ရှင်းလင်းပြောကြားကြောင်းသိရသည်။ (၄၀၁)

# ရပ်စောက်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အမျိုးသားနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲဆောင်ရွက်




ရပ်စောက် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် (၁၀၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို နိုဝင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသိန်းထိုက်ကအဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုအောင်က လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး စသည့်အကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းမွန်မွန်က (၁၀၅)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအသိပညာဗဟုသုတရရှိစေရန်အတွက် ဆေးလိပ်အန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါး အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်စာစောင်များပြသခြင်းဆောင်ရွက်ကြောင်းသိရသည်။ (၄၀၅)

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံ (အခမဲ့)သင်တန်းဆင်း

စစ်ကိုင်း နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့မူလတန်းကြိုကျောင်း၌ နိုဝင်ဘာလ ၁၀ ရက်နံနက်ပိုင်းတွင် စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ကြီးမှူးဖွင့်လှစ်သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ (အခမဲ့) သင်တန်းဆင်းပွဲကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမျိုးအောင်နှင့်တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို အောက်တိုဘာလ ၁၆ ရက်မှ နိုဝင်ဘာလ ၁၀ ရက်အထိ ဖွင့်လှစ်ပြီး သင်တန်းသို့သင်တန်းသူ ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။ (၄၀၉)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မန်ယူအသင်းက အမ်ဘူမိုနှင့် အာမက်ဒီရယ်လိုတို့အား အက်စ်တွန်ဗီလာအသင်းနှင့် ပွဲစဉ်ကစားပြီးမှသာ အာဖရိကဖလားပြိုင်ပွဲသို့စေလွှတ်ရန်စီစဉ်



မန်ချက်စတာ နိုဝင်ဘာ ၁၁

မန်ယူအသင်းက အသင်းမှ အဓိက ကစားသမား နှစ်ဦးဖြစ်သည့် အမ်ဘူမိုနှင့် အာမက်ဒီရယ်လိုတို့အား အက်စ်တွန်ဗီလာအသင်းနှင့် ကစားမည့်ပွဲစဉ်ပြီးမှသာ အာဖရိကဖလားပြိုင်ပွဲသို့စေလွှတ်ရန်စီစဉ်ထားပြီး သက်ဆိုင်ရာလက်ရွေးစင်အသင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

အာဖရိကဖလားပြိုင်ပွဲသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြုပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာကလပ်အသင်းများအနေဖြင့် လက်ရွေးစင်အသင်းများထံ ကစားသမားများကို မဖြစ်မနေ စေလွှတ်ရမည်ဖြစ်သောကြောင့် မန်ယူအသင်းသည် အမ်ဘူမိုနှင့် အာမက်ဒီရယ်လိုတို့အား အိုင်ဗရီကို့စ်အသင်းနှင့် ကင်မရွန်းအသင်းတို့ထံ စေလွှတ်ပေးရမည်ဖြစ်သည်။

မန်ယူအသင်းသည် အသင်းမှ အဓိက ကစားသမားနှစ်ဦးဖြစ်သည့် အမ်ဘူမိုအား ကင်မရွန်းအသင်းထံလည်းကောင်း၊ အာမက်ဒီရယ်လိုအား အိုင်ဗရီကို့စ်အသင်းထံလည်းကောင်း အာဖရိကဖလားပြိုင်ပွဲအတွက် တစ်လခန့် စေလွှတ်ပေးရမည်ဖြစ်သည့်အတွက် အဓိက ကစားသမားနှစ်ဦးကို လက်လွှတ်ရမည့် အရေးနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

အာဖရိကဖလားပြိုင်ပွဲကို လာမည့်ဒီဇင်ဘာလ ၂၂ ရက်မှစတင်ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အိုင်ဗရီကို့စ်အသင်းနှင့် ကင်မရွန်းအသင်းတို့အနေဖြင့် အာဖရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့တက်ရောက်မည်ဆိုပါက မန်ယူအသင်းအတွက် အဓိကကစားသမားနှစ်ဦးကို တစ်လကျော်ကြာ လက်လွှတ်ရမည်ဖြစ်သည်။

မန်ယူအသင်းက အမ်ဘူမိုနှင့် အာမက်ဒီရယ်လိုတို့အား ဒီဇင်ဘာလ ၂၁ရက်တွင် ကစားမည့် အက်စ်တွန်ဗီလာအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်ပြီးမှသာ အာဖရိကဖလားပြိုင်ပွဲအတွက် စေလွှတ်ရန် သက်ဆိုင်ရာလက်ရွေးစင်အသင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးနေခြင်းဖြစ်သည်။

အာဖရိကဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် အာမက်ဒီရယ်လို၏ အိုင်ဗရီကို့စ်အသင်းသည် ဒီဇင်ဘာလ ၂၄ ရက်တွင်လည်းကောင်း၊ အမ်ဘူမို၏ ကင်မရွန်းအသင်းသည် ဒီဇင်ဘာလ ၂၅ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

## ချယ်လ်ဆီးအသင်းကစားသမား လတ်ဗီးယား ပေါင်ဒဏ်ရာကြောင့် တစ်လခန့်အနားယူဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၁

ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား လတ်ဗီးယားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ကွာရာဘတ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်တွင်ရရှိသည့် ပေါင်ဒဏ်ရာကြောင့် တစ်လခန့် အနားယူဖွယ်ရှိကြောင်း သိရသည်။

လတ်ဗီးယားသည် ကွာရာဘတ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်သည့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း ပွဲချိန် ၈ မိနစ်တွင် ပေါင်ဒဏ်ရာရရှိပြီးနောက် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

လတ်ဗီးယားအနေဖြင့် ပေါင်ဒဏ်ရာအသေးစိတ်ဆေးစစ်မှုများလုပ်ဆောင်ပြီးနောက် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အနည်းဆုံးတစ်လခန့် အနားယူရမည်ဖြစ်သည်။

လတ်ဗီးယားသည် ဆောက်သမ်တန်အသင်းတွင် ကစားခဲ့စဉ်က အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်က ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် မကြာခဏဒဏ်ရာပြဿနာများကြောင့်အနားယူနေရပြီး ဘောလုံးရာသီသုံးရာသီအတွင်း ပွဲပေါင်း ၃၀ သာ ပါဝင်ကစားနိုင်ခဲ့ကြောင်း သိရသည်။

*Ref;TNT Sports*

## ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့်စံချိန်ကို ပွဲအနည်းဆုံးကစားမှုဖြင့် ဟာလန်းကျော်ဖြတ်နိုင်ရန်နီးစပ်နေ

မန်ချက်စတာ နိုဝင်ဘာ ၁၁

မန်စီးတီးအသင်း တိုက်စစ်ကစားသမား ဟာလန်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ်ကစားသည့် မန်စီးတီးအသင်းက လီဗာပူးအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် သွင်းဂိုး ၁၀၀ ကိုပွဲအနည်းဆုံးဖြင့် ပြည့်မြောက်ခဲ့သည့် ကစားသမားအဖြစ် စံချိန်တင်ထားသည့် အလန်ရှီးယား၏စံချိန်ကိုကျော်ဖြတ်နိုင်ရန် နီးစပ်နေကြောင်း သိရသည်။

ဟာလန်းသည် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၀၈ ပွဲကစားပြီးချိန်၌ သွင်းဂိုး ၉၉ ဂိုးအထိရှိလာပြီးနောက် နယူးကာဆယ်အသင်းကစားသမားဟောင်း အလန်ရှီးယား၏ စံချိန်ကို ကျော်ဖြတ်နိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုး ၁၀၀ ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်ခဲ့သည့်ကစားသမားအဖြစ် အလန်ရှီးယားက ၁၂၄ ပွဲကစားခဲ့ပြီး သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ဟာလန်းသည်လည်း လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် သွင်းဂိုး ၉၉ ဂိုးအထိရှိလာပြီး အလန်ရှီးယား၏စံချိန်ကိုလိုက်မီနိုင်ရန် တစ်ဂိုးသာလိုတော့သည့်အတွက် မကြာမီကျော်ဖြတ်နိုင်ပြီး ပရီးမီးယားလိဂ်သွင်းဂိုး ၁၀၀ ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်သည့်ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ရန်နီးစပ်နေခြင်းဖြစ်သည်။ ဟာလန်းသည် ယခုဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၁ ပွဲ ကစားပြီး ၁၄ ဂိုးသွင်းယူကာ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံးမှရပ်တည်နေကြောင်း သိရသည်။

*Ref;Fotmob*



## ဘိုလော့ဂ်နာအသင်းကို ရှုံးနိမ့်ပြီးနောက် နာပိုလီအသင်းနည်းပြရာထူးမှ နုတ်ထွက်ရန် နည်းပြကွန်တီက အသင်းတာဝန်ရှိသူများနှင့်ဆွေးနွေးမည်

ရောမ နိုဝင်ဘာ ၁၁

နာပိုလီအသင်းနည်းပြ ကွန်တီသည် ဘိုလော့ဂ်နာအသင်းကို ၂ ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် အသင်းနည်းပြရာထူးမှနုတ်ထွက်ရန် အသင်းတာဝန်ရှိသူများနှင့်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းနည်းပြဟောင်း ကွန်တီသည် စပါးအသင်းနှင့်လမ်းခွဲပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက နာပိုလီအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် အီတလီစီးရီးအေချန်ပီယံဆုဖလားဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

သို့သော် နာပိုလီအသင်းသည် ယခုဘောလုံးရာသီတွင် အသင်းအနေဖြင့် နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များမတည်မငြိမ်ဖြစ်လာခဲ့ပြီး နောက်ဆုံးကစားသည့် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည့်အပြင် ဘိုလော့ဂ်နာအသင်းကို ၂ ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် အသင်းနည်းပြရာထူးမှ နုတ်ထွက်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

နည်းပြကွန်တီသည် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ပီအက်စ်ဗွီအသင်းကို ဂိုးပြတ်ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် အသင်းတာဝန်ရှိသူများအနေဖြင့် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလက မှားယွင်းသည့်ကစားသမားခေါ်ယူမှုများလုပ်ဆောင်ခဲ့သည်ဟု ဝေဖန်မှုများလုပ်ဆောင်ခဲ့ပြီး ဘိုလော့ဂ်နာအသင်းနှင့်ပွဲစဉ်အပြီးတွင်လည်း အသင်းမှ ကစားသမားများ၏ စွမ်းဆောင်ရည်ပိုင်းနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဝေဖန်မှုများ လုပ်ဆောင်ပြီးနောက် အသင်းနည်းပြရာထူးမှနုတ်ထွက်ရန် အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ပြီး ရာထူးမှနုတ်ထွက်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

နာပိုလီအသင်းသည် ယခုဘောလုံးရာသီတွင် အီတလီစီးရီးအေပြိုင်ပွဲ၌ ၁၁ ပွဲကစားပြီးချိန်တွင် ရမှတ် ၂၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၄) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှစစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ်စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့်တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်–စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ



ISO 9001 BUREAU VERITAS Certification



BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ

SIN MINN

BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင် တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး မိတ်ရှင်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး

Tea Mix
Lemon Tea
Black Tea



ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

❖ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာနည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့ မြန်မာတွေဦးစီးပြီး ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၃ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် နိုဝင်ဘာ ၁၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့–ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၂၇ ဦး၊ ပါကစ္စတန်နိုင်ငံသား ငါးဦးနှင့် ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၃ ဦးတို့အား ယနေ့တွင် မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ စာမျက်နှာ ၁၄ ကော်လံ ၁ →



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်စဉ်။

## အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၁၂)တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့်ရေယာဉ် ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် နိုဝင်ဘာ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၉ ရက်**တွင် ဟားခါးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စာမျက်နှာ ၂၄ ကော်လံ ၁ ⇨

## နိုင်ငံတကာသတင်း

**နီပေါနိုင်ငံ၌ မုတ်သုံကာလအတွင်း သဘာဝဘေးများ ဖြစ်ပွားမှုကြောင့် လူ ၁၄၀ သေဆုံး** စာ – ၂၃ သို့

**မုန်တိုင်းနှစ်လုံးဝင်ရောက်တိုက်ခတ်ခြင်းခံရသည့် ဖိလစ်ပိုင်၌ သေဆုံးသူ ၂၅၀ အထိမြင့်တက်** စာ – ၂၃ သို့

**နယ်စပ်၌ မြေမြှုပ်မိုင်းအသစ်များခင်းခြင်း မရှိဟု ကမ္ဘောဒီးယား ထုတ်ပြန်** စာ – ၂၃ သို့

